ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ (16-6-2010) (ဗြ၃၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာပြီး ဒေသတွင်း စီးပွားရေး၊ လူမှုရေး ခိုင်မာအားကောင်းလာသည်နှင့်အမျှ ပြည်ထောင်စုတစ်ဝန်းလုံးသို့ သွားလာနိုင်

တိုင်းရင်းသား ပြည်သူလူထုအတွင်း ရင်းနှီးချစ်ခင်မှုများမှတစ်ဆင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေး အထောက်အကူပြုနိုင်မည်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဧရာဝတီတံတား(မလွန်) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၁၅

မကွေးတိုင်း မင်းဘူးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဇွန် ၁၄ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းအတွင်း ဒေသဖွံ့ဖြိုးရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် နံနက် ၇ နာရီခွဲတွင် မင်းဘူးမြို့ ဖွံ့ဖြိုးတိုးတက်နေမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဧရာဝတီတံတား(မကွေး)ကို ဖြတ်သန်းကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မကွေးမြို့ ဖွံ့ဖြိုးစည်ပင်နေမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှု၍ ကန်ပြားကျေးရွာအနီးရှိ ကောင်းမွန် ဆောက်လုပ်ရေးကုမ္ပဏီ အုပ်ချုပ်မှုရုံးသို့ ရောက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ်အား ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က အရှည် ၁၀၇ မိုင် နှစ်ဖာလုံရှိ နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)လမ်းကို B.O.T စနစ်ဖြင့် ဖောက်လုပ်နေမှု၊ မကွေးတိုင်းအတွင်း၌ B.O.T စနစ်ဖြင့် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❁

မိမိတို့အစိုးရလက်ထက်တွင် နိုင်ငံအတွင်း မည်သည့်နေရာတွင်ဖြစ်စေ အိမ်ဦးနှင့် ကြမ်းပြင်ပမာ ကူးသန်းသွားလာနိုင်ရေးအတွက် တောင်ပေါ် မြေပြန့် ပင်လယ် ကုန်းတွင်း ဒေသအနှံ့အပြားတွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာစေရန် အားထုတ်ကြိုးပမ်းဆောင်ရွက်နေ။

ကြေးမုံ The Mirror

၁၆-၆-၂၀၁၀
(ဗုဒ္ဓဟူးနေ့)

ဆည်ရေသောက်သီးနှံများ တိုးချဲ့စိုက်ပျိုး

နိုင်ငံတော်တွင် စီးပွားရေးတောင့်တင်းခိုင်မာစေရေးအတွက် လယ်ယာကဏ္ဍထုတ်လုပ်မှု မြင့်မားရေးကို ဦးတည်ကြိုးပမ်းနေသည်။ တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတွင် လယ်ယာကဏ္ဍ၏ပါဝင်မှု အချိုးအစားများပြားသည်။ လယ်ယာကုန်ထုတ်လုပ်မှုစွမ်းအား မြင့်မားလာသကဲ့သို့ ထွက်ကုန်သီးနှံများ ပြည်ပတင်ပို့နိုင်မှုလည်း နှစ်စဉ်တိုးတက်နေသည်။

နိုင်ငံတော်အပိုင်းက လယ်ယာစီးပွားအခြေခံအုတ်မြစ် ခိုင်မာလာစေရန် လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။ စိုက်ပျိုးရေရရှိနိုင်သည့် ဆည်တမံ၊ ရေလွှဲဆည်၊ မြစ်ရေတင်စနစ်များကို တည်ဆောက်ပေးနေပြီ။ မြေအောက်ရေရရှိရေး အစီအမံများ၊ ဆည်၊ ကန်၊ တမံငယ်များနှင့်အတူ ရေပေးတူးမြောင်းများကို နှစ်စဉ်တိုး၍ ဖောက်လုပ်ပေးလျက်ရှိသည်။

ထို့အပြင် သီးနှံအလိုက် တစ်ဧကအထွက်နှုန်း တိုးတက်ရေး၊ တစ်သီးစားစနစ်မှ နှစ်သီးသုံးသီး၊ သီးထပ်သီးညှပ်စိုက်ပျိုးနိုင်ရေး နည်းစနစ်နှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနေသည်။ မျိုးကောင်း၊ မျိုးသန့် သီးနှံမျိုးများကို ပံ့ပိုးကူညီလျက်ရှိသည်။ တောင်သူလယ်သမားများအနေဖြင့် စပါး၊ ဝါ၊ ကြံ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ တိုး၍ စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရပေမည်။

မကွေးတိုင်းသည် စိုက်ပျိုးမြေများ ကျယ်ပြန့်စွာရှိသည်။ စိုက်ပျိုးရေရရှိသည်နှင့်အမျှ ဆီထွက်သီးနှံ၊ ပဲအမျိုးမျိုးနှင့် သီးနှံစုံပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်သော ဒေသဖြစ်သည်။ မုန်းချောင်းတစ်လျှောက်တွင် ရေလှောင်တမံဘက်စုံစီမံကိန်းများ တည်ဆောက်နေသည်။ တည်ဆောက်ပြီးရေလှောင်တမံနှင့် ရေကူတမံတို့မှ စိုက်ပျိုးရေများပေးနိုင်နေပြီ။ အချို့ဆည်များ၏ ပင်မတူးမြောင်းမှရေကို ရေတင်စက်ဖြင့်တင်ယူပြီး ယာမြေမှ လယ်မြေအဖြစ် ပြောင်းလဲ၍ နွေစပါးများစိုက်ပျိုးနေကြပြီ။

ယခုအခါ နိုင်ငံတစ်ဝန်း၌ စိုက်ပျိုးရေရရှိရေး၊ ဒေသစိမ်းလန်းစိုပြည်ရေး အကျိုးပြုဆည်တမံပေါင်း နှစ်ရာကျော် တည်ဆောက်ပေးထားပြီ။ အဆိုပါ ဆည်တမံများ၏ အကျိုးပြုမှုကြောင့် ရေသွင်းစိုက်ပျိုးနိုင်သည့် ဧရိယာများပြားလာပြီး သီးနှံစိုက်ပျိုးထုတ်လုပ်မှုလည်း တိုးတက်လာလျက်ရှိသည်။

ဆည်တမံများမှ သောက်သုံးရေ၊ စိုက်ပျိုးရေများ ရရှိလာမှုနှင့်အတူ သီးနှံစုံစိုက်ပျိုးအကျိုးဖြစ်ထွန်းနေကြပြီ။ ကျေးလက်နေပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး နေထိုင်စားသောက်မှု အခြေအနေများတိုးတက်မြင့်မားလာနေပြီ။ တောင်သူလယ်သမားများနှင့် ဒေသခံပြည်သူများက ဆည်ရေကို အကျိုးရှိရှိအသုံးပြုပြီး စပါးနှင့် ဆည်ရေသောက်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆက်လက်ကြိုးပမ်းကြရမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျိုင်းတုံ-လွယ်မွေကားလမ်း တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၅

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးသည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၆ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံ-လွယ်မွေကားလမ်းတစ်လျှောက် မိုးစပါးများ စိုက်ပျိုးထားရှိမှု အခြေအနေများနှင့် လမ်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားသည်။

ထို့နောက် တိုင်းမှူးသည် လမ်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် ဇွန် ၇ ရက်တွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။ အဆိုပါအစည်းအဝေးသို့ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ခရိုင်အလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းမှူးက စီမံကိန်းရည်မှန်းချက်များအား တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များ မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း တိုက်ကွမ်ဒိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် ဆုများပေးအပ်ချီးမြှင့်

ရန်ကုန် ဇွန် ၁၅

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်သည် ယမန်နေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားခန်းမ၌ကျင်းပသော ၂၀၁၀ ခုနှစ် (၁၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တိုက်ကွမ်ဒိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဆုများချီးမြှင့်သည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ ပြိုင်ပွဲတွင် အနိုင်ရရှိကြသူများအား အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဝင်များ၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များက ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပြိုင်ပွဲတွင် အကောင်းဆုံး အမျိုးသမီးအားကစားသမားဆုရ ကယားပြည်နယ်မှ အေးစံပယ်နှင့် အကောင်းဆုံး အမျိုးသားအားကစားသမားဆုရ ရန်ကုန်တိုင်းမှ စောမင်းနိုင်တို့အား လည်းကောင်း၊ အကောင်းဆုံး အမျိုးသမီးအသင်း နည်းပြဆုရရှိသည့် ဦးဝင်းထွန်းလင်း (ရန်ကုန်တိုင်း)နှင့် အကောင်းဆုံး အမျိုးသားအသင်း နည်းပြဆုရရှိသည့် ဦးကျော်ကျော်ထူး (ရန်ကုန်တိုင်း)တို့အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်က ရွှေတံဆိပ် ၁၀ ဆု၊ ငွေတံဆိပ် သုံးဆုနှင့် ကြေးတံဆိပ် တစ်ဆု ရရှိသော ရန်ကုန်တိုင်း အမျိုးသမီးအသင်းနှင့် ရွှေတံဆိပ် ၁၂ဆုနှင့် ငွေတံဆိပ် တစ်ဆု ရရှိသော ရန်ကုန်တိုင်း အမျိုးသားအသင်းတို့အား တံခွန်စိုက် ဒိုင်းဆုနှင့် ဆင့်ပွားဒိုင်းများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် ၂၀၁၀ ခုနှစ် (၁၄) ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း တိုက်ကွမ်ဒိုပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၂ဆုနှင့် ငွေတံဆိပ် တစ်ဆု ရရှိသော ရန်ကုန်တိုင်း အမျိုးသားအသင်းအား တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့်စဉ်။

(အား/ကာ)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့် တောင်ငူမြို့ မြို့မဈေးရှိ မီးသတ်ရေလှောင်ကန်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်း(အရှေ့ပိုင်း)မြို့များရှိ စည်ပင်ဈေးများ မီးဘေးကာကွယ်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် ဇွန် ၁၀ ရက် နံနက်ပိုင်းတွင် တောင်ငူမြို့ရှိ စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး ဈေးခေါင်းရုံး၌ ဈေးကော်မတီများ၊ ဈေးမိဈေးဖများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ ဈေးမီးဘေးကာကွယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။ ထို့နောက် ဈေးအတွင်း လျှပ်စစ်မီးသွယ်တန်းထားရှိမှု၊ ရေသိုလှောင်ကန်နှင့် စက်ရေတွင်း၊ အမြင့်တင်ရေစင်နှင့် အပေါ့စားမီးသတ်စက်များ ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကာ တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ယင်းနောက် ဖြူးမြို့ ဈေးခေါင်းရုံး၌ ဈေးမိဈေးဖများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ညောင်လေးပင်မြို့ မြို့မဈေး၌ ဈေးမိဈေးဖများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများအားလည်းကောင်း တွေ့ဆုံပြီး မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။ ညွှန်ကြားရေးမှူးချုပ်သည် ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့မဈေးကြီး၌ မြို့ပေါ်ဈေး ငါးဈေးနှင့် ကျေးလက်ဈေး ငါးဈေးတို့မှ ဈေးမိဈေးဖများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများအား တွေ့ဆုံပြီး အဖွဲ့ပိုင်ဈေးများ မီးလောင်ဆုံးရှုံးမှု မရှိစေရေးအတွက် ထုတ်ပြန်ထားသော ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်ရေး၊ မီးသတ်ဆေးဘူးများ ထားရှိရေး၊ ဈေးအတွင်း မီးကြိုတင်အချက်ပေးစနစ်များ တပ်ဆင်ထားရှိရေးနှင့် ဈေးလုံခြုံရေးကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြီး ဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRS Computer Centre ၏ Notebook အထူးဈေးရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် ဇွန် ၁၅

MRS Computer Sales & Service Centre ၏ Notebook အထူးဈေးရောင်းပွဲတော်ကို ဇွန် ၁၈ရက်မှ ၂၅ ရက်အထိ MRS Sales & Service တည်ရှိရာ ဘိုကလေးဈေးလမ်း (အောက်ဆုံးဘလောက်)၌ ကျင်းပသွားမည်ဖြစ်သည်။

အထူးဈေးရောင်းပွဲတော်ကာလအတွင်း Notebook များကို အလွန်ချိုသာသော ဈေးနှုန်းဖြင့် ရောင်းချပေးသွားမည့်အပြင် လက်ဆောင်ပစ္စည်းများလည်း ပေးအပ်သွားမည်ဖြစ်ကာ အခြားဆက်စပ်ပစ္စည်းများ ဝယ်ယူလျှင် အထူးသက်သာသော ဈေးနှုန်း Bundle Price ဖြင့် ဝယ်ယူရရှိနိုင်သော အစီအစဉ်ကိုလည်း ပြုလုပ်ပေးထားသည်။

MRS Computer Sales & Service Centre သည် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို အထူးချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနေရုံသာမက Cable network, Wireless Network Installation များအတွက် Corporate Level အထိ ဝန်ဆောင်မှုပေးခြင်း၊ Computer အများအပြား အသုံးပြုထားပြီး Service လုပ်ရန် အခက်အခဲကြုံတွေ့နေရသော အဖွဲ့အစည်းများအတွက် Service Contract ပြုလုပ်ပေးခြင်း၊ Internet Cafe, Game Centre များအတွက် ဆိုင်အဆင်သင့်ဖွင့်နိုင်သည်အထိ One Stop Service ပြုလုပ်ပေးခြင်း၊ Seminar များ၊ အခမ်းအနားများအတွက် ကွန်ပျူတာ LCD Projector, Tripod Screen များငှားရမ်းပေးခြင်း (Rental Service)၊ အပိုပစ္စည်းရှာရန် ခက်ခဲသော Notebook မျိုးစုံကို Service ပြုလုပ်ပေးခြင်းစသော ဝန်ဆောင်မှုအများအပြား ပြုလုပ် ပေးလျက်ရှိသည်။

ဇွန် ၁၈ ရက်မှ ၂၅ ရက် Promotion ကာလအတွင်း Service Contract ချုပ်ဆိုသူများနှင့် Rental Service တို့ အတွက်လည်း ၂၀ရာခိုင်နှုန်းလျှော့၍ လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

အသေးစိတ် စုံစမ်းသိရှိလိုပါက အမှတ် (၅၁-၅၃) ဘိုကလေးဈေးလမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၃၉၂၁၃၈၊ ၃၉၂၂၅၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

တစ်ကိုယ်ရေ စီမံခန့်ခွဲခြင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၅

လူငယ်များနှင့် စီမံခန့်ခွဲမှု ရင်းနှီးမှုရှိလာစေရန်ရည်ရွယ်၍ ဆရာဦးသိန်းဌေးက တစ်ကိုယ်ရေ စီမံခန့်ခွဲခြင်း (Managing Yourself) ခေါင်းစဉ်ဖြင့် ဇွန် ၁၈ရက် နံနက် ၉နာရီမှ ၁၁နာရီအထိ စမ်းချောင်းမြို့နယ် မြေနီကုန်းပလာဇာ သုံးလွှာ အခန်း(ဒီ)ရှိ PS Business School ၌ အခမဲ့ ဟောပြောမည်ဖြစ်သည်။

အဆိုပါ ဟောပြောပွဲကို စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး တက်ရောက်လိုသူများသည် ဖုန်း-၅၀၀၅၃၃နှင့် ၅၂၄၄၈၂တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး မုံရွာမြို့နယ်အတွင်းရှိ စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားများ တက်ရောက်

နေပြည်တော် ဇွန် ၁၅

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၃ ရက်တွင် မုံရွာမြို့နယ် ကန်မကျေးရွာရှိ "ပညာ့ဗိမာန်" စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ တိုင်း၊ ခရိုင်နှင့် မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျေးရွာ ပြည်သူများ တက်ရောက်ကြသည်။ အစီအစဉ်အရ မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူတို့က စာကြည့်တိုက် အဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့်အလှူရှင်များက စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များအား မှာကြား ဖြည့်ဆည်းပေးသည်။

ယင်းမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် ရေကန်စုကျေးရွာ၌ ကျင်းပသည့် "အလင်းရောင်" စာကြည့်တိုက် ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။ အစီအစဉ်အရ မုံရွာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူတို့က စာကြည့်တိုက်အဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့သည် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ရေကန်စုကျေးရွာ ကျေးလက်ခန်းမ၌ ကျင်းပသည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်ပြီး အမှာစကား ပြောကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် အလှူရှင်များက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် တိုင်းမှူးသည် အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ၂၆-၆-၂၀၁၀

International Day Against Drug Abuse and Illicit Trafficking 26.6.2010

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ မဟာဗျူဟာ စီမံခန့်ခွဲမှု အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး)

ကျန်းမာရေးဦးစီးဌာန လုပ်ငန်းခွင်ကျန်းမာရေးဌာနနှင့် တီဘီရောဂါတိုက်ဖျက်ရေးဌာနတို့မှ အထူးကုဆရာဝန်ကြီးများနှင့် မျက်စိအထူးကုဆေးရုံကြီးမှ မျက်စိဆရာဝန်များ အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်)ရှိ ဝန်ထမ်းများနှင့် မိသားစုများအား အထွေထွေရောဂါ စစ်ဆေးကုသပေးခြင်း၊ မျက်စိရောဂါ စမ်းသပ်စစ်ဆေးပေးခြင်း၊ ဆေးဝါးကုသခြင်းတို့ကို ဆောင်ရွက်ပေးစဉ်။
(ကျန်းမာရေး)

အာဆီယံနိုင်ငံများအတွင်း စုစည်းညီညွတ်မှုရှိစေရန် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြင့် မဟာဗျူဟာ စီမံခန့်ခွဲမှု အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၅

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ ကြီးကြပ်စီမံမှုနှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဝန်ကြီးချုပ်ရုံးအောက်ရှိ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်တို့ ပူးပေါင်း၍ အာဆီယံနိုင်ငံများအတွင်း စုစည်းညီညွတ်မှုရှိစေရန် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြင့် ကျင်းပသည့် မဟာဗျူဟာစီမံခန့်ခွဲမှု အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ကေတုမတီခန်းမ၌ ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်မှ Mr.Zeni Latip က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ - အဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှမြင့်ဦး၊ ဦးဝင်းအောင်နှင့် ဦးညီထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ အလယ်အလတ်အဆင့် စီမံခန့်ခွဲရေးအရာထမ်း ၂၄ ဦးတို့ တက်ရောက်ကြပြီး Understanding and Formulation of Vision and Mission, SWOT Analysis, Overview and Introduction to Balanced Scorecard အကြောင်းအရာ သင်ခန်းစာများကို ဇွန် ၁၈ ရက်အထိ လေးရက်ကြာ ဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

အထူးကုဆရာဝန်ကြီးများ အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)ရှိ ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇွန် ၁၅

ကျန်းမာရေးဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် ကျန်းမာရေးဦးစီးဌာန လုပ်ငန်းခွင်ကျန်းမာရေးဌာနနှင့် တီဘီရောဂါတိုက်ဖျက်ရေးဌာနတို့မှ အထူးကုဆရာဝန်ကြီးများနှင့် မျက်စိအထူးကုဆေးရုံကြီးမှ မျက်စိဆရာဝန်များသည် ဇွန် ၁၄ ရက်တွင် အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)ရှိ ဝန်ထမ်းများနှင့် မိသားစုများအား အထွေထွေရောဂါ စစ်ဆေးကုသပေးခြင်း၊ မျက်စိရောဂါ စမ်းသပ်စစ်ဆေးပေးခြင်း၊ နှလုံးရောဂါရှိ၊ မရှိ အီးစီဂျီရိုက်စစ်ဆေးပေးခြင်း၊ တီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်း နယ်လှည့်ဓာတ်မှန်ရိုက်ယာဉ်ဖြင့် စက်ရုံအရောက် ဝန်ထမ်းနှင့် မိသားစုများအား ၁၄× ၁၄ လက်မ ဓာတ်မှန်ရိုက်၍ ရောဂါရှိသူများအား သလိပ်စစ်ဆေးခြင်း၊ ဆေးဝါးကုသခြင်းတို့ကို ဆောင်ရွက်ပေးသည့်အပြင် စက်ရုံ၏ပတ်ဝန်းကျင် ကျန်းမာရေး အနေအထားကို သိသာနိုင်ရန် စက်ရုံပတ်ဝန်းကျင် လေထုအရည်အသွေး တိုင်းတာစစ်ဆေးခြင်း၊ စက်ရုံပတ်ဝန်းကျင်ရှိ အပူ၊ အလင်း၊ ဆူညံသံ တိုင်းတာခြင်းများကို ဇွန် ၁၇ ရက် အထိ ပြုလုပ်ပေးမည်ဖြစ်ကြောင်းနှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံ ဓာတုဗေဒ လုပ်ငန်းအောက်ရှိ ရေနံဓာတ်ငွေ့ရည်စက်ရုံ (ညောင်တုန်း)၊ မက်သနော စက်ရုံ (ဆိပ်သာ)၊ အမှတ်(၄)ဓာတ်မြေဩဇာစီမံကိန်း(မြောင်းတကာ)နှင့် အမှတ် (၅) ဓာတ်မြေဩဇာစီမံကိန်း(ပုသိမ်)ရှိ ဝန်ထမ်းများနှင့် မိသားစုများအား ဆက်လက် စစ်ဆေးကုသပေးသွားမည် ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးရှိ ဈေးဆိုင်ခန်းများအတွင်း မီးကြွင်းမီးကျန်များမရှိစေရေး၊ လျှပ်စစ်မီးများ စနစ်တကျသွယ်တန်းထားရေး၊ မီးသတ်ရေကန်အတွင်း ရေစုဆောင်းရေးနှင့် မီးသတ်ဆေးဘူးများ စနစ်တကျ ထားရှိရေးအတွက် ဈေးမီး၊ ဈေးဖများ၊ ဈေးကော်မတီဝင်များ၊ စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ(ဒုတိယညွှန်ကြားရေးမှူး)ဦးအောင်မြင့် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

စီမံခန့်ခွဲမှုဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၅

လုပ်ငန်းခွင်အတွင်းရှိ မန်နေဂျာများ၏ ရင်ဆိုင်မှုများ၊ စိန်ခေါ်မှုများနှင့် ပြဿနာများကို ဆွေးနွေးအဖြေရှာနိုင်ရန် ရည်ရွယ်၍ ဆရာဦးရဲမြင့် (စွန့်ဦးတီထွင်)က အောင်မြင်သောစီမံခန့်ခွဲမှု မန်နေဂျာ (Successful Manager) ခေါင်းစဉ်ဖြင့် ဇွန် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် နေ့စဉ် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ စမ်းချောင်းမြို့နယ် မြေနီကုန်းပလာဇာ သုံးလွှာ အခန်း(ဒီ)ရှိ PS Business School ၌ ဟောပြောပို့ချမည်ဖြစ်၍ စိတ်ပါဝင်စား တက်ရောက်လိုသူ မန်နေဂျာများနှင့် စီမံခန့်ခွဲမှုဝန်ထမ်းများသည် ဖုန်း- ၅၀၀၅၃၃နှင့် ၅၂၄၄၈၂ တို့သို့ ကြိုတင်စာရင်းပေး စုံစမ်းနိုင်ကြောင်း သိရသည်။
(ကြေးမုံ)

ကျောက်ဖြူအကျဉ်းထောင် ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်၊ စာအုပ်နှင့်စာရေးကိရိယာ ထောက်ပံ့

ကျောက်ဖြူ ဇွန် ၁၅

အကျဉ်းဦးစီးဌာန ကျောက်ဖြူအကျဉ်းထောင်ရှိ ဝန်ထမ်းမိသားစုများ၏ သူငယ်တန်းမှ အထက်တန်းအထိ ကျောင်းသား၊ ကျောင်းသူများအား ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာသင်စရိတ်၊ စာရေးကိရိယာနှင့် ကျောင်းသုံးဗလာစာအုပ်များ ထောက်ပံ့ပေးအပ်ပွဲကို မေ ၃၀ ရက် မွန်းလွဲပိုင်းက ကျောက်ဖြူအကျဉ်းထောင် တာဝန်ခံအရာရှိ ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တာဝန်ခံအရာရှိ ညွှန့်ဝင်းက ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ထောက်ပံ့ကြေး ပေးအပ်ခြင်းနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်း ပြောကြားသည်။

ယင်းနောက် တာဝန်ခံအရာရှိ (ဦးစီးအရာရှိ)ညွှန့်ဝင်းက အထက်တန်းကျောင်းသူတစ်ဦး၊ အလယ်တန်းကျောင်းသား၊ ကျောင်းသူ ရှစ်ဦးနှင့် မူလတန်းကျောင်းသား၊ ကျောင်းသူ ၁၂ ဦး စုစုပေါင်း ၂၁ ဦးတို့အား ပညာသင်စရိတ်၊ စာရေးကိရိယာနှင့် ကျောင်းသုံးဗလာစာအုပ်များကို ပေးအပ်ကြောင်းသိရသည်။

(အောက်ပုံ) (ခရိုင်ပြန်/ဆက်)

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း နန်ဂဟာပြည်နယ်တွင် တိုက်ခိုက်မှုဖြစ်ပွားခြင်းကြောင့် ဒဏ်ရာရရှိခဲ့သော အရပ်သားများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်၌ ဓာတ်သတ္တုသိုက်ကြီး အမေရိကန်ပညာရှင်များ လေ့လာတွေ့ရှိ

ကဘူးလ် ဇွန် ၁၅

အာဖဂန်နစ္စတန်နိုင်ငံ၌ ဒေါ်လာ တစ်ထရီလီယံမျှ တန်ဖိုးရှိသည့် ဓာတ်သတ္တုသိုက်ကြီးတစ်ခုကို အမေရိကန် ဘူမိဗေဒပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ ကြောင်း သမ္မတဟာမစ်ကာဇိုင်း၏ ပြောရေးဆိုခွင့်ရှိသူက တနင်္လာနေ့တွင် ပြောကြားသည်။

အာဖဂန်နစ္စတန်အစိုးရ၏ သဘောတူခွင့်ပြုချက်အရ ဘူမိဗေဒဆိုင်ရာ လေ့လာတိုင်းတာမှုများ ပြုလုပ်နေသော အမေရိကန် ကျွမ်းကျင်ပညာရှင်များက ယင်းဓာတ်သတ္တုသိုက်ကြီးကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းသတ္တုသိုက်ကြီးသည် အာဖဂန်နစ္စတန်နိုင်ငံအတွင်း ဆက်လက်စူးစမ်းတွေ့ရှိနိုင်မည့် တွင်းထွက်သတ္တုပမာဏ၏ တစ်စိတ်တစ်ပိုင်းမျှသာဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အာဖဂန်နစ္စတန် သတ္တုတွင်းဝန်ကြီးဌာန တာဝန်ရှိသူက လေ့လာစူးစမ်းမှု အသေးစိတ်ကို ထုတ်ဖော် ပြောကြားရန် ငြင်းဆိုခဲ့ပြီး လာမည့်ရက်သတ္တပတ်တွင် ပြုလုပ်မည့် သတင်းစာရှင်းလင်းပွဲတွင် အသေးစိတ် ရှင်းလင်းတင်ပြမည်ဖြစ်ကြောင်း ပြောကြားသည်။

အမေရိကန် ဘူမိဗေဒပညာရှင်များသည် စက်မှုလုပ်ငန်းသုံး တွင်းထွက်သတ္တုဖြစ်သည့် လစ်သီယမ်အပါအဝင် သံ၊ ကြေးနီ၊ ကိုဗော့နှင့် ရွှေ စသော သတ္တုများပါဝင်နေသည့် သဘာဝတွင်းထွက်သတ္တု အရင်းအမြစ်ကြီးကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

လာမည့်နှစ်တွင် အီရတ်နိုင်ငံ၌ စီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာအစီအမံများကို ရေးဆွဲခဲ့သည့် အမေရိကန် ပင်တဂွန်စစ်ဌာနချုပ်မှ ကျွမ်းကျင်သူအဖွဲ့သည် အာဖဂန်နစ္စတန်သို့ လာရောက်မည်ဖြစ်ပြီး အမေရိကန် ဘူမိဗေဒပညာရှင်များ၏ တွေ့ရှိချက်ကို အသေးစိတ်ခွဲခြမ်းစိတ်ဖြာ လေ့လာမည်ဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

တရုတ်နိုင်ငံတွင် တောင်ပြိုကျ ၁၇ဦး သေဆုံး

ပေကျင်း ဇွန် ၁၅

တရုတ်နိုင်ငံ ချန်ဒူးပြည်နယ်တွင် အင်္ဂါနေ့က ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်း တောင်ပြိုကျမှုကြောင့် ၁၇ဦးထက်မနည်းသေဆုံးသွားကြောင်း သတင်းတွင်ပါရှိသည်။

ကန်ဒိစီရင်စု ဂန်ဇီတီဘီကန် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ပန်တာမြို့တွင် နံနက် ၁နာရီ ၂၅မိနစ်က ယင်းတောင်ပြိုကျမှုကြောင့် လူခြောက်ဦး ပျောက်ဆုံးလျက်ရှိကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ယင်းဖြစ်စဉ်တွင် ဒဏ်ရာရရှိသူ ခုနစ်ဦးရှိပြီး ၎င်းတို့အနက် သုံးဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း၊ ကယ်ဆယ်ရေးလုပ်သားများကလည်း ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံ ချန်ဒူးပြည်နယ်တွင် ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်း တောင်ပြိုကျမှုဖြစ်ပွားသည့် နေရာအား ဇွန် ၁၅ရက်ကတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်အရှေ့ပိုင်းတွင် အရပ်သား ၁၀ဦးသေဆုံး

ကဘူးလ် ဇွန် ၁၅

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း နန်ဂဟာပြည်နယ်တွင် ရဲတပ်ဖွဲ့ဝင်များနှင့် တာလီဘန်စစ်သွေးကြွများ တိုက်ပွဲဖြစ်ပွားရာ အရပ်သား ၁၀ဦး သေဆုံးသွားကြောင်း ပုဂ္ဂလိကရုပ်မြင်သံကြားချယ်နယ်တိုလိုက အင်္ဂါနေ့တွင် ဖော်ပြသည်။

တနင်္လာနေ့ညပိုင်းက ဖြစ်ပွားသော ယင်းပဋိပက္ခသည် အင်္ဂါနေ့နံနက်ပိုင်းအထိ ဆက်လက်ဖြစ်ပွားကြောင်း၊ တိုက်ပွဲဖြစ်ပွားသော ရွာဇက်ခရိုင်၌ နေထိုင်သည့် အရပ်သား ၁၀ ဦးကျော် သေဆုံးကြောင်း သတင်းတွင်ပါရှိသည်။

ထိုတိုက်ခိုက်မှုတွင် ရဲတပ်ဖွဲ့ဝင် ၁၃ဦးသေဆုံးသည်ဟု တာလီဘန်များဘက်မှ ထုတ်လွှင့်သော သတင်းချယ်နယ်တွင် ဖော်ပြသည်။

ထိုကိစ္စနှင့်ပတ်သက်၍ နန်ဂဟာပြည်နယ်မှ တာဝန်ရှိသူများကမူ ထင်မြင်ချက် တစ်စုံတစ်ရာမပေးချေ။

အမ်အင်အေ၊ဆင်ဟွာ။

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် သတင်းထောက်တစ်ဦး ပစ်သတ်ခံရ

ဒါဗာအိုစီးတီး ဇွန် ၁၅

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် ရေဒီယိုသတင်းထောက်တစ်ဦးသည် အကြမ်းဖက်သမားများ၏ ကိုယ်ထိလက်ရောက်ရန်ပြုမှုကိုခံရသဖြင့် သေဆုံးသွားကြောင်း သက်ဆိုင်ရာရဲတပ်ဖွဲ့က အင်္ဂါနေ့တွင် ပြောကြားသည်။

တနင်္လာနေ့ ညနေပိုင်းည ၁၀ နာရီခွဲက မင်ဒါနာအို ဒါဗာအိုအော်ရီရင်တယ်ပြည်နယ် မာနေမြို့ မာကိုပါကျေးရွာတွင် အသက်(၅၂)နှစ်အရွယ်ရှိသတင်းထောက်ဂျက်ဆီကမ်မန်ယမ်တိုက်ခိုက်ခြင်းခံရကြောင်း လက်ထောက်စုံစမ်းစစ်ဆေးရေးမှူး အာရီယယ်နူရီဗာက ပြောကြားသည်။

၎င်းသတင်းထောက်သည် မာတီမြို့အနီးအနားတွင် နေထိုင်သော ဒေသခံတစ်ဦးဖြစ်သည်။ ၎င်းသည် မာကိုပါကျေးရွာတွင် ကျင်းပသော ဘာသာရေးပွဲတော်အခမ်းအနားသို့တက်ရောက်ရန် တရားဝင်ဖိတ်ကြားခြင်းခံရသည်။ ၎င်းအားသေနတ်သမားက နောက်ဘက်မှနေ၍ ၎င်း၏ဦးခေါင်းကို ပစ်ခတ်ခြင်းဖြစ်သည်ဟု မာတီမြို့ရှိ သတင်းဌာနအကြီးအကဲ ဂျိုအာနာမာဘီနီက ဆင်ဟွာသတင်းဌာနသို့ တယ်လီဖုန်းဖြင့်ပြောကြားသည်။

၂၀၁၀ခုနှစ်တွင် အသတ်ခံရသောသတင်းထောက်များအနက် ကမ်မန်ယမ်သည် နောက်ဆုံးဖြစ်သည်ဟုသိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အာဖဂန်တောင်ပိုင်းတွင် ရဲတပ်ဖွဲ့ဝင်ငါးဦးသေဆုံး

ဂါဇာနီ ဇွန် ၁၅

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ဂါဇာနီပြည်နယ်တွင် တာလီဘန် စစ်သွေးကြွများလက်ချက်ဖြင့် ရဲတပ်ဖွဲ့ဝင်ငါးဦးသေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဂါဇာနီပြည်နယ် မြို့တော်ဂါဇာနီရှိ ရဲတပ်ဖွဲ့စစ်ဆေးရေးဂိတ်အတွင်းတာလီဘန် စစ်သွေးကြွများ အင်္ဂါနေ့က ဝင်ရောက်စီးနင်းကြောင်း၊ ဒေသစံတော်ချိန် နံနက် ၃နာရီ ၄၅မိနစ်တွင် ဖြစ်ကြောင်း၊ ဖြစ်စဉ်ကြောင့် ရဲတပ်ဖွဲ့ဝင်ငါးဦး သေဆုံး၍ အချို့ဒဏ်ရာရရှိကြကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှ လက်ထောက်အကြီးအကဲက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ထိုတိုက်ခိုက်မှုတွင် တာလီဘန်များဘက်မှလည်း သေကျေပျက်စီးမှုများရှိကြောင်း အဆိုပါ အကြီးအကဲက ပြောကြားသော်လည်း အသေးစိတ်ကိုမူ ပြောကြားခြင်းမရှိပေ။

ထိုစဉ်အတွင်း တာလီဘန်ပြောရေးဆိုခွင့်ရှိသူ ဇာဘီဟူလက်ချ်မာဂျာဟစ်က နေရာအတိအကျမဖော်ပြသော နေရာမှနေ၍ တယ်လီဖုန်းဖြင့်ပြောကြားချက်အရ ယင်းတိုက်ခိုက်မှုတွင် ၎င်းတို့၌ တာဝန်ရှိကြောင်း၊ တာလီဘန်များဘက်မှ သေဆုံးမှုများရှိပြီး ရဲတပ်ဖွဲ့ဝင်ငါးဦး သေဆုံးကြောင်း၊ ၎င်းတို့ထံမှလက်နက်များကို သိမ်းဆည်းရမိကြောင်းသိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်းတွင် မြေပြိုမှုဖြစ်ပွား ၄၇ ဦးထက်မနည်းသေဆုံးပြီး ရှစ်ဦးပျောက်ဆုံး

ဒါကာ ဇွန် ၁၅

ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်းတွင် အင်္ဂါနေ့နံနက်စောစောပိုင်းက မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် မြေပြိုမှုဖြစ်ပွားရာ လူပေါင်း ၄၇ ဦးထက်မနည်းသေဆုံးပြီး လူရှစ်ဦးခန့်ပျောက်ဆုံးလျက်ရှိကြောင်း သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

မြို့တော်ဒါကာမှ ၃၉၁ ကီလိုမီတာကွာဝေးသော အရှေ့တောင်ပိုင်း ဘဇားခရိုင်ရဲစခန်းမှ လက်ထောက်ရဲအရာရှိ အဗ္ဗဒူလ်ဟာနန်က ဆင်ဟွာသတင်းဌာနသို့ တယ်လီဖုန်းဖြင့် စောစောပိုင်းက ပြောကြားရာတွင် လူ ၁၉ ဦးသေဆုံး၍ ရှစ်ဦးပျောက်ဆုံးလျက်ရှိသည်ဟု ဆိုသည်။

မြေပြိုမှုကြောင့် မိသားစုတစ်စုလျှင် လူလေးဦးထက်မနည်း သေဆုံးခဲ့ရကြောင်း ဒါကာမြို့တော်မှ ၃၁၆ ကီလိုမီတာကွာဝေးသော ဘာဒါဘန်ခရိုင်အရှေ့တောင်ပိုင်းရှိ ရဲစခန်းမှ တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အိုစမာဘင်လာဒင်ကို တစ်ကိုယ်တော်လုပ်ကြံသတ်ဖြတ်မည်ဟုဆိုသူ အမေရိကန်နိုင်ငံသားအား ပါကစ္စတန်ရဲတပ်ဖွဲ့က ဖမ်းဆီး

ပက်ရှ်ဝါ ဇွန် ၁၅

အယ်လ်ခိုင်ဒါအဖွဲ့ ခေါင်းဆောင် အိုစမာဘင်လာဒင်ကို လုပ်ကြံသတ်ဖြတ်ရန် တစ်ကိုယ်တော်လာရောက်ခဲ့သည်ဆိုသော အမေရိကန်နိုင်ငံသား တစ်ဦးကို ၎င်းကိုင်ဆောင်ထားသော ပစ္စတိုသေနတ်တစ်လက်၊ လက်မ ၄၀ ရှည်သည့်ဓားရှည်တစ်လက်တို့နှင့်အတူ ပါကစ္စတန်နိုင်ငံမြောက်ပိုင်းတွင် ဖမ်းဆီးမိခဲ့ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့ တာဝန်ရှိသူတစ်ဦးက အင်္ဂါနေ့တွင် ပြောကြားသည်။

ပါကစ္စတန်ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သော အမေရိကန်နိုင်ငံသားသည် ဂါရီဘရော့ခ်ဖော့ကနာအမည်ရှိ ကာလီဖိုးနီးယားနယ်သားဖြစ်ပြီး အသက်(၅၂)နှစ်ရှိပြီဟုဆိုသည်။ ၎င်းကို ပါကစ္စတန်ရဲတပ်ဖွဲ့က စစ်မေးရာတွင် အိုစမာဘင်လာဒင်အား လုပ်ကြံသတ်ဖြတ်ရန် တစ်ကိုယ်တော်လာရောက်ခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့သည်ဟု သတင်းများတွင်ဖော်ပြထားသည်။

ဂါရီဘရော့ခ်ဖော့ကနာကို ပါကစ္စတန်နိုင်ငံ ချစ်ထရယ်လ်ဒေသရှိ သစ်တောတစ်ခုအတွင်း ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ပြီး ၎င်းနှင့်အတူ ပစ္စတိုသေနတ်၊ ဓားရှည်တစ်လက်နှင့်အတူ ညကြည့်ကိရိယာများကိုပါ သိမ်းဆည်းမိခဲ့ကြောင်း သိရသည်။

အယ်လ်ခိုင်ဒါအဖွဲ့ ခေါင်းဆောင် အိုစမာဘင်လာဒင်။

အာဖဂန်နစ္စတန်၌ နေတိုးတပ်ဖွဲ့ဝင်သေဆုံး

ကဘူးလ် ဇွန် ၁၅

အာဖဂန်နစ္စတန်နိုင်ငံတွင် ဇွန် ၁၅ ရက်က အကြမ်းဖက်တိုက်ခိုက်မှုကြောင့် နေတိုးတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကြောင်း နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)က သတင်းထုတ်ပြန်ခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းတွင် ယမန်နေ့က လက်နက်ငယ်များဖြင့်ပစ်ခတ်မှုကြောင့် အိုင်အက်စ်အေအက်ဖ်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးကြောင်း ထည့်သွင်းသတင်းထုတ်ပြန်ခဲ့သော်လည်း သေဆုံးသူ၏နိုင်ငံသားနှင့် တိုက်ခိုက်မှုဖြစ်ပွားသည့် နေရာအတိအကျအားဖော်ပြခြင်းမရှိချေ။

၂၄၅ ဦးကျော် သေဆုံး

ယခုနှစ် ဇန်နဝါရီလကတည်းက အာဖဂန်နစ္စတန်နိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အမေရိကန် တပ်ဖွဲ့ဝင်အပါအဝင် နိုင်ငံခြားတပ်ဖွဲ့ဝင် ၂၄၅ဦးကျော် သေဆုံးခဲ့သည်ဟုသိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဖော့ကနာသည် ပါကစ္စတန်နိုင်ငံသို့ ခုနစ်ကြိမ်ရောက်ဖူးပြီး ချစ်ထရယ်လ်ဒေသကိုမူ သုံးကြိမ်မြောက်ရောက်ဖူးခြင်းဖြစ်ကြောင်း ၎င်း၏ ထွက်ဆိုချက်များအရသိရသည်။ ဖော့ကနာသည် ချစ်ထရယ်လ်ဒေသမှတစ်ဆင့် နယ်စပ်ကို ဖြတ်ကျော်ကာ အာဖဂန်နစ္စတန်နိုင်ငံ နူရစ္စတန်ဒေသအရှေ့ပိုင်းသို့ ဝင်ရောက်ရန် ရည်ရွယ်ပုံရကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။

အင်တာနက်။

ကြည့်ရှု စစ်ဆေး

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေတို့ ရခိုင်ပြည်နယ် သံတွဲလေဆိပ်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီး ဦးသိန်းဆွေ သံတွဲလေဆိပ်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၅

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေတို့သည် ဇွန် ၁၄ ရက် မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် သံတွဲလေဆိပ်သို့ ရောက်ရှိကြရာ လေဆိပ်ခန်းမ၌ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်စိုး(လေယာဉ်ကွင်းပုံထုတ်)က သံတွဲလေယာဉ်ကွင်းဆိုင်ရာ အချက်အလက်များနှင့် လေယာဉ်ပြေးလမ်း တိုးချဲ့အဆင့်မြှင့်တင်ခြင်း၊ လေယာဉ်ပြေးလမ်း အချက်ပြမီးတပ်ဆင်ခြင်းလုပ်ငန်းများနှင့် မြေသားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက လုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး၊ လေဆိပ်လုံခြုံမှု အစဉ်သတိပြုရေး၊ လေဆိပ်တွင်တပ်ဆင်ထားသည့် စက်ကိရိယာများ အစဉ်ကောင်းမွန်ရေးနှင့် ကြံ့ခိုင်မှုတို့ကို ဂရုပြုဆောင်ရွက်ရေး၊ လေယာဉ်များ အန္တရာယ်ကင်းစွာဆင်းသက်နိုင်ရေး၊ လေဆိပ်ဝန်းကျင် စိမ်းလန်းစိုပြေ သာယာလှပရေး၊ ဝန်ထမ်းများဆက်ဆံရေးကောင်းမွန်ရေးနှင့် လေဆိပ်တာဝန်ကျ အခြားဌာနဆိုင်ရာ ဝန်ထမ်းများအားလုံး လုပ်ငန်းဆောင်ရွက်ရာ၌ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် လေဆိပ်ခရီးသည် နားနေဆောင်၊ ခရီးသည် ထွက်ခွာ စစ်ဆေးရေးဂိတ်များ၊ လေဆိပ်မျက်နှာစာ၌ စိမ်းလန်းစိုပြေသာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လေယာဉ်ပြေးလမ်း၊ တောင်ဖြိုခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြီးစီးမှု၊ လေယာဉ် ရပ်နားရာနေရာနှင့် လေယာဉ်ပေါ်သို့ ခရီးသည်များ တက်ဆင်းနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုသိမ်-မုံရွာလမ်း ဒုတိယဝန်ကြီး ဦးတင့်ဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေသည် ဇွန် ၆ ရက် နံနက်ပိုင်းတွင် ပုသိမ်- မုံရွာလမ်းနှင့်ယာကြီး - ကလေးဝလမ်းဆုံ မိုင်တိုင်အမှတ် (၄၅၀/ ၅)ရှိ လမ်းအခြေအနေနှင့် မိုင်တိုင်အမှတ် (၄၄၇ /၁)ရှိ မြောက်ယမားချောင်း တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်း၊ တံတားသံပေါင်တင်ပြီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ မြောက်ယမားချောင်း တံတားသံပေါင်တင်ပြီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ဆောက်လုပ်ရေး)

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၁၃)မှ တာဝန်ခံအင်ဂျင်နီယာက တံတားသံပေါင်တင်ပြီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်း အစီအမံများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး မြောက်ယမားချောင်းတံတား ချဉ်းကပ်လမ်းနှင့် ပုသိမ်-မုံရွာလမ်းတို့ ဆက်သွယ်မည့် လမ်းဆုံကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပုသိမ် -မုံရွာလမ်း မိုင်တိုင်အမှတ် (၄၄၃ / ၄)အနီး ပုလဲ-ဂန့်ဂေါလမ်းဆုံရှိ လမ်းအခြေအနေနှင့် မိုင်တိုင်အမှတ် (၄၃၈ /၀)နှင့် (၄၃၈ /၁)ကြားတွင် တည်ဆောက်မည့် ခြောက်တင်းကျတံတား တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဆားလင်းကြီးလမ်းဆုံတွင် ကျောက်များ စုဆောင်းထားရှိမှုနှင့် မြေကြီးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေ၊ မိုင်တိုင်အမှတ် (၄၂၈/၄)နှင့် (၄၂၈/၅)ကြားတွင် တည်ဆောက်နေသော ငွေသာချောင်းတံတား တည်ဆောက်ရေးလုပ်ငန်း၊ မိုင်တိုင် အမှတ် (၃၈၄ /၇)တွင် စက်ယန္တရားကြီးများဖြင့် မြေကြီးလုပ်ငန်းဆောင်ရွက်နေမှု၊ ရေပြာလမ်းဆုံရှိ လမ်းအခြေအနေ၊ မိုင်တိုင်အမှတ် (၃၇၉ /၇)နှင့် မိုင်တိုင်အမှတ် (၃၇၀/၁)ရှိ လမ်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

BCB Centreမှ စီမံခန့်ခွဲမှု ရက်တို သင်တန်းများ ဖွင့်လှစ်မည်

နေပြည်တော် ဇွန် ၁၅

Myanmar Business Executives (MBE) Network မှ ဖွင့်လှစ်ထားသည့် Business Capacity Building (BCB) Centre က ဇွန် ၂၁ ရက်မှစတင်၍ သင်တန်းများ ဖွင့်လှစ်မည်ဖြစ်ပြီး ဈေးကွက်စီမံခန့်ခွဲမှု ကျွမ်းကျင်ရေးသင်တန်း၌ ဈေးကွက်မဟာဗျူဟာ ချမှတ်ခြင်း၊ ကြော်ငြာခြင်း၊ အရောင်းမြှင့်တင်ခြင်းနှင့် ဖောက်သည်ဆက်ဆံရေးကို ကိုင်တွယ်ခြင်း ဘာသာရပ်များ ပါဝင်မည်ဖြစ်ကာ ကျွမ်းကျင်သောဈေးကွက်ဖော်ဆောင်မှုစီမံခန့်ခွဲသူတစ်ဦး ဖြစ်လာအောင် လေ့ကျင့်သင်ကြားပေးမည် ဖြစ်ကြောင်း၊ အရောင်းပညာ ကျွမ်းကျင်မှုသင်တန်း၌ ထိရောက်စွာ ရောင်းချမှုအတတ်ပညာ၊ အရောင်းသမားအတွက် စေ့စပ်ညှိနှိုင်းမှုပညာနှင့် စားသုံးသူ ဝန်ဆောင်မှုပေးခြင်း ဘာသာရပ်များ ပါဝင်မည်ဖြစ်ပြီး ထိရောက်သော အရောင်းသမားဖြစ်လာအောင် လေ့ကျင့်သင်ကြားပေးမည် ဖြစ်ကြောင်း၊ စီမံခန့်ခွဲမှုပညာသင်တန်း၌ စီမံခန့်ခွဲမှု အခြေခံမူများ၊ ခေါင်းဆောင်မှုပညာနှင့် အဖွဲ့အစည်းအတွင်း ဆက်သွယ်ရေးဘာသာရပ်များ ပါဝင်မည်ဖြစ်ပြီး မန်နေဂျာဖြစ်လိုသူများအတွက် မသိမဖြစ် စီမံခန့်ခွဲမှု ပညာများကို ရှင်းလင်းဆွေးနွေးမည်ဖြစ်ကြောင်း၊ ကိုယ်ပိုင်လုပ်ငန်း စီမံခန့်ခွဲမှု ပညာသင်တန်း၌ စွန့်ဦးတီထွင် လုပ်ငန်းဆောင်ရွက်ခြင်း၊ လုပ်ငန်းဆောင်တာစီမံခန့်ခွဲမှုနှင့် အသေးစား/ အလတ်စားလုပ်ငန်းများ စီမံခန့်ခွဲခြင်း ဘာသာရပ်များပါဝင်မည်ဖြစ်ပြီး စွန့်ဦးတီထွင်လုပ်ငန်းရှင်တစ်ယောက်ဖြစ်လာအောင် လေ့ကျင့်သင်ကြားပေးမည် ဖြစ်ကြောင်း သိရှိရသည်။

သင်ကြားမှုတွင်လည်း ဘာသာရပ်ဆိုင်ရာ သင်ကြားမှုအတွေ့အကြုံရှိ ဆရာ၊ ဆရာမများ၏ စနစ်တကျ သင်ကြားပေးမှုနှင့်အတူ လုပ်ငန်းအတွေ့အကြုံများကို ဆွေးနွေးဖလှယ်ခြင်း၊ လုပ်ငန်းခွင်အခက်အခဲများကို ဝိုင်းဝန်းကူညီ ဖြေရှင်းပေးခြင်းတို့ ပါဝင်မည်ဖြစ်သည်။ သင်တန်းချိန်များကို ရုံးချိန်ပြင်ပတန်းခွဲများအဖြစ် စီစဉ်ထားပြီး သင်တန်းများကို စတင်လက်ခံနေပြီဖြစ်ကြောင်းနှင့် သင်ကြားမှုထိရောက်စေရန် သင်တန်းသားဦးရေကိုလည်း ကန့်သတ်ထားကြောင်း သိရှိရသည်။

စိတ်ဝင်စားသူများအနေဖြင့် BCB Centre အခန်း (၄၀၅) ပန်းခြံတာဝါ အမှတ်(၈) ဗားကရာလမ်းနှင့် ဓမ္မစေတီလမ်းထောင့် မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၃၈၅၃၁၊ E-mail: bcbcentre @mptmail.com .mm bcbcentre009@gmail. com သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

မုတ်သုံလေ အားကောင်းမည်

နေပြည်တော် ဇွန် ၁၅

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းတွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။**မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မောင်တောမြို့တွင် ၁၃ ဒသမ ၄၇ လက်မ၊ မြောက်ဦးမြို့တွင် ၁၁ ဒသမ ၁၀ လက်မ၊ ကျောက်တော်မြို့တွင် ၉ ဒသမ ၄၅ လက်မ၊ ဂွမြို့တွင် ၆ ဒသမ ၁၄ လက်မ၊ စစ်တွေမြို့တွင် ၅ ဒသမ ၇၅ လက်မ၊ ပလက်ဝမြို့တွင် ၄ ဒသမ ၄၅ လက်မ၊ သံတွဲမြို့တွင် ၃ ဒသမ ၉၇ လက်မ၊ မြစ်ကြီးနားမြို့တွင် ၃ ဒသမ ၉၄ လက်မ၊ အမ်းမြို့တွင် ၃ ဒသမ ၇၀ လက်မ၊ ဟုမ္မလင်းမြို့တွင် ၃ ဒသမ ၃၉ လက်မ၊ ခရမ်းမြို့နှင့် ဇလွန်မြို့တို့တွင် ၃ ဒသမ ၁၁ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

ဇွန် ၁၆ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် ချင်းပြည်နယ်နှင့်ရန်ကုန်တိုင်းတို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်း အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေအားကောင်းမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်(၃၂ ဒသမ ၂ ဒီဂရီစင်တီဂရိတ်) ၉၀ ဒီဂရီဖာရင်ဟိုက်	၁၄-၆-၂၀၁၀
အနိမ့်ဆုံးအပူချိန်(၂၃ ဒသမ ၅ ဒီဂရီစင်တီဂရိတ်) ၇၄ ဒီဂရီဖာရင်ဟိုက်	၁၅-၆-၂၀၁၀
၉း၃၀ နာရီအချိန်စိုထိုင်းဆ ၁၀၀ ရာခိုင်နှုန်း	၁၅-၆-၂၀၁၀
နေပူသည့်နာရီပေါင်း ၁ ဒသမ ၁ နာရီ	၁၄-၆-၂၀၁၀

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၅-၆-၂၀၁၀	၄၇ မမ (၁ ဒသမ ၈၅လက်မ)	၆၁ မမ (၂ ဒသမ ၄၀ လက်မ)	၆၈ မမ (၂ ဒသမ ၆၈ လက်မ)
၁-၁-၂၀၁၀ မှ ယနေ့အထိ	၆၁၂ မမ (၂၄ဒသမ၀၉လက်မ)	၆၇၂မမ (၂၆ဒသမ၄၆လက်မ)	၆၆၄မမ (၂၆ဒသမ၁၄လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၄-၆-၂၀၁၀ ရက် ၁၀း၃၀ နာရီအချိန်တွင် အနောက်ဘက်မှ တစ်နာရီ ရှစ်မိုင်နှုန်း တိုက်ခတ်သည်။

မေ ၁၅ ရက်က မင်းဘူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်း၍ ပလတ်စတစ်ကြွပ်ကြွပ်အိတ်ကင်းစင်ရေးဆိုင်းဘုတ်စိုက်ထူစဉ်။ (မြို့နယ်စည်ပင်)

မြေဆီစိုခိုက် သစ်ပင်စိုက်ဖို့ လူတိုင်းပါဝင်ဆောင်ရွက်စို့

မောင်ရွှေ(ရမ္မာမြေ)

ယနေ့ ကမ္ဘာကြီးသည် သဘာဝအရင်းအမြစ်များ တစ်စထက်တစ်စ ပြုန်းတီးလာသဖြင့် ဥတုရာသီဖောက်ပြန်မှုအပါအဝင် ဆိုးကျိုးများ စတင်သက်ရောက်နေပြီဖြစ်၍ ကမ္ဘာကြီးပူနွေးလာခြင်း၊ ရေခဲတောင်များ အရည်ပျော်ခြင်း၊ ရေရှားပါးခြင်းနှင့် အခြားသော သဘာဝပတ်ဝန်းကျင် ပြောင်းလဲမှုများကို ယခုနှစ်တွင် ယခင်နှစ်များကထက် ပို၍ ကမ္ဘာအနှံ့အပြားတွင် ခံစားခဲ့ကြရပါသည်။ ဤသို့ သဘာဝအရင်းအမြစ်များ ဆုံးရှုံးမှု၌ အရေးအကြီးဆုံးနှင့် ပဓာနအကျဆုံးအချက်မှာ သစ်တောများဆုံးရှုံးမှုကြောင့် ဖြစ်ပါသည်။ သစ်တောသစ်ပင်များ ဆုံးရှုံးမှုကြောင့် ရာသီဥတုဖောက်ပြန်ခြင်း၊ မြေဆီလွှာများပျက်စီးခြင်း၊ ရေကြီးမှုဒဏ်ခံရခြင်း၊ သက်ရှိဇီဝမျိုးနွယ်များ ပျက်သုဉ်းရခြင်းမှစ၍ လူသားတို့၏ အသက်ရှင်ရပ်တည်နိုင်ရေးကိုပါ တိုက်ရိုက်ခြိမ်းခြောက်လျက်ရှိသဖြင့် နိုင်ငံအသီးသီးနှင့် ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် အဖွဲ့အစည်းအသီးသီးတို့က ကမ္ဘာပေါ်တွင် သစ်ပင်သစ်တောများကို ထိန်းသိမ်းကာကွယ်ရန်နှင့် ပြန်လည်စိုက်ပျိုးကြရန် အရေးတကြီး လှုံ့ဆော်ဆောင်ရွက်နေကြခြင်းဖြစ်ပါသည်။

သစ်ပင်သစ်တောတို့၏ လူသားတို့အပေါ် အကျိုးသက်ရောက်ဖြစ်ထွန်းစေမှုများကို လူတိုင်း သိရှိနားလည်ကြပါသည်။ သိရှိနားလည်သည်ဆိုသော်လည်း အချို့အချိန်များ၌ အမှတ်တမဲ့ဖြင့် သစ်တောသစ်ပင်များ၏ တန်ဖိုးကို မေ့လျော့ထားခဲ့ကြပါသည်။ ထူးခြားသော သဘာဝအခြေအနေ တစ်ရပ်ရပ်ဖြင့် ကြုံတွေ့သည့်အချိန်များမှသာ သစ်တောသစ်ပင်တို့၏ အရေးပါပုံကို အလေးထား ဆွေးနွေးပြောဆိုလာကြသည်ကို သိရှိနေရပါသည်။

ကျွန်ုပ်တို့ မှီတင်းနေထိုင်လျက်ရှိသော ကမ္ဘာကြီးသည် လူသားများအတွက် မျှတသော သဘာဝအနေအထား (Balance of Nature)ကို ဖန်တီးပေးထားသည်မှာ နှစ်ပေါင်း သန်းနှင့်ချီ၍ ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ စိမ်းလန်းစိုပြည်သော သစ်တောကြီးများ၊ သစ်ပင်ပန်းမန်များသည်လည်း လူသားတို့အား ကမ္ဘာကြီးမှပေးထားသော သဘာဝအမွေအနှစ်များပင် ဖြစ်ပါသည်။ လူသားများအား သဘာဝသယံဇာတအမွေအနှစ်များ၊ ကောင်းမွန်သော ပတ်ဝန်းကျင်များ ဖန်တီးပေးထားသော ကမ္ဘာကြီးသည် ယနေ့အချိန်၌ ဆိုးဝါးသော အနေအထားနှင့် ကြုံတွေ့နေရပါသည်။

ပတ်ဝန်းကျင်ဆိုသော စကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုရလျှင် ယေဘုယျအားဖြင့် လူသားတို့ကို ဝန်းရံနေသည့် အရာအားလုံးသည် လူသားတို့၏ ပတ်ဝန်းကျင်ပင်ဖြစ်ပါသည်။ ထိုပတ်ဝန်းကျင် ပျက်စီးမှုသည် လူသားတို့၏ အသက်ရှင်သန်ရေးအထိ ရိုက်ခတ်လာနိုင်ပါသည်။ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုအပေါ် သက်ရောက်နေသော အချက်များအနက် သစ်ပင်သစ်တောများ ယုတ်လျော့နည်းပါးသွားခြင်းကလည်း အဓိကအချက်တစ်ခုအဖြစ် ပါဝင်လျက်ရှိနေကြောင်း သိရှိနိုင်ပါသည်။

ရှေးယခင်ကာလက ကမ္ဘာမြေကြီး၏ ၆၀ ရာခိုင်နှုန်းကို သစ်တောများဖုံးလွှမ်းခဲ့ရာမှ ယနေ့အချိန်၌ သစ်တောဖုံးလွှမ်းမှုမှာ ၃၀ ရာခိုင်နှုန်းကျော်သာ ရှိတော့ကြောင်း၊ ကမ္ဘာ့သစ်တောဖုံးလွှမ်းမှုမှာ နှစ် ၁၀၀ အတွင်း ထက်ဝက်ခန့်နှင့် အမြဲစိမ်းသစ်တောဧရိယာ၏ ၉၀ ရာခိုင်နှုန်းခန့် ပျက်စီးခဲ့ရကြောင်း သိရှိရပါသည်။ မှတ်တမ်းများအရ ၁၈၅၀ ပြည့်နှစ် နောက်ပိုင်းကာလမှစ၍ သစ်တောပျက်စီးမှုနှုန်းမှာ သိသာစွာများပြားလာကြောင်းနှင့် ပျက်စီးလျော့နည်းရသည့် အဓိကအချက်များအနေဖြင့် ဥရောပတိုက်ရှိသစ်တောများမှာ အက်စစ်မိုးကြောင့် လည်းကောင်း၊ ဆိုက်ဘေးရီးယားရှိသစ်တောများမှာ သစ်ထုတ်လုပ်မှုများပြားသောကြောင့် လည်းကောင်း၊ အပူပိုင်းမိုးသစ်တော(သို့) မုတ်သုံသစ်တောများမှာ အဆိုပါဒေသတွင် မှီတင်းနေထိုင်သော လူဦးရေတိုးပွားမှု အဆမတန် များပြားလာမှုကြောင့်လည်းကောင်း ဖြစ်သည်ဟု ပညာရှင်များက သုံးသပ်ကြပါသည်။

သစ်တောပြုန်းတီးခြင်း (deforestation) ဆိုသည်မှာ သစ်တောဖုံးလွှမ်းရာဒေသ (forested Area) အဖြစ်မှ သစ်တောကင်းမဲ့သောဒေသအဖြစ်သို့ ပြောင်းလဲရောက်ရှိသွားခြင်းပင်ဖြစ်ပါသည်။ ဖြစ်ရသည့်အကြောင်းရင်းများမှာ တောမီးလောင်ခြင်း၊ တောင်ယာခုတ်ထွင်ခြင်း၊ ထင်းမီးသွေးနှင့် အိမ်ဆောက်ပစ္စည်းများ အလွန်အကျွံ ထုတ်ယူခြင်း၊ လေထုထဲသို့ အဆိပ်အတောက် ထုတ်လွှတ်ခြင်းများကြောင့် သစ်တောများ ပျက်စီးရပါသည်။ သစ်တောပြုန်းတီးမှု၏ အကျိုးဆက်များမှာ များပြားလှပါသည်။ အဓိကအားဖြင့် သဘာဝပတ်ဝန်းကျင်အဆင့်အတန်း နိမ့်ကျလာခြင်း (degraded environment) နှင့် ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းလာခြင်းတို့ ဖြစ်ပါသည်။

ထို့ကြောင့် သစ်တောများပြန်လည်ထူထောင်ခြင်း (Reforestation) ကို ထိရောက်စွာဆောင်ရွက်ရန် ကမ္ဘာနှင့်အဝန်း အလေးထားဆောင်ရွက်နေကြရခြင်း ဖြစ်ပါသည်။ ရေထိန်းသိမ်းပေးထားသော သဘာဝရေကန်များအဖြစ် လည်းကောင်း၊ အပန်းဖြေအနားယူနိုင်သော နေရာများအဖြစ်လည်းကောင်း၊ ရေကောင်းရေသန့် ရရှိစေနိုင်သည့် နေရာဒေသများအဖြစ်လည်းကောင်း၊ လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့အပါအဝင် အခြားအဆိပ်သင့်စေနိုင်သည့်ဓာတ်ငွေ့များကို စုပ်ယူပေးနေသော သဘာဝကာဗွန်စစ် (filter) များအဖြစ် လည်းကောင်း၊ သားငှက်တိရစ္ဆာန်တို့၏ နေရင်းဒေသ (Habitat) အဖြစ် လည်းကောင်း၊ မြေဆီလွှာအား ရေ/လေတိုက်စားမှုမှ ကာကွယ်တားဆီးပေးခြင်းဖြင့် လည်းကောင်း၊ လေသန့်စင်မှုကို သဘာဝအတိုင်း ဆောင်ရွက်ပေးရာ၌လည်းကောင်း အရေးပါသည့် သစ်ပင်များ ကမ္ဘာကြီးပေါ်တွင် ပြန်လည်ရှင်သန်ရေးမှာ မည်မျှအရေးပါကြောင်း သိရှိနိုင်ပါသည်။

မြန်မာနိုင်ငံသည်လည်း သစ်ပင်သစ်တောများ ထိန်းသိမ်းရေး၊ ပြုစုစိုက်ပျိုးရေးများကို အလေးထား၍ ရှေးယခင်ကပင် ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် သစ်တောစိုက်ခင်းမျိုးစုံ တည်ထောင်ခြင်းဖြင့် မူလသစ်တောသယံဇာတအရင်းအမြစ်ကြွယ်ဝမှုအနေအထား မယုတ်လျော့စေရန် ဆောင်ရွက်ခြင်းနှင့်အတူ သစ်တောသစ်ပင် ပြုစုစိုက်ပျိုးရေး၊ ထိန်းသိမ်းရေးတွင် ပြည်သူအားလုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်အတွက်လည်း စည်းရုံးဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံလူဦးရေ၏ ၈၀ ရာခိုင်နှုန်းခန့်မှာ ကျေးလက်ဒေသတွင် နေထိုင်သူများဖြစ်သဖြင့် နေ့စဉ် စားဝတ်နေရေးအတွက် သဘာဝသစ်တောကြီးအား မှီခိုလျက်ရှိနေကြပါသည်။ အဆိုပါနေရင်းဒေသ ကျေးလက်ပြည်သူများ၏ နေ့စဉ်လိုအပ်ချက်အတွက် လိုအပ်သော ထင်း၊ မီးသွေး၊ အိမ်တိုင်၊ ခြံတိုင်၊ လယ်ယာသုံးကိရိယာများကို သဘာဝတောအတွင်းမှ ထုတ်ယူသုံးစွဲနေခြင်းအား နည်းလမ်းတစ်ခုခု ရှာဖွေ၍ ဖြည့်ဆည်းပေးနိုင်ပါက သဘာဝတောကြီးများ လျော့နည်းထိခိုက်မှုကို တစ်ဖက်တစ်လမ်းမှ သက်သာစေနိုင်မည်ဖြစ်ပါသည်။ သို့အတွက် သစ်တော(သဘာဝတော) ကြီးများ၏ ပြင်ပတွင် သစ်ပင်များ စိုက်ပျိုးခြင်းအား အလေးထား၍ ဆောင်ရွက်လာကြပါသည်။

ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီး FAO ကလည်း နှစ်စဉ် ဇွန်လ ၂၇ ရက်နေ့ကို “ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့” အဖြစ် သတ်မှတ်၍ ကမ္ဘာနှင့်အဝန်း သစ်ပင်စိုက်ပျိုးရေးကို ဆောင်ရွက်ခဲ့ပါသည်။ မြန်မာလူမျိုးတို့တွင် သစ်တောသစ်ပင်များကို ချစ်ခင်မြတ်နိုးစိတ် ရှေးယခင်ကတည်းက ကိန်းအောင်းတည်ရှိနေပြီး ဖြစ်ပါသည်။ ဥယျာဉ်စိုက်ခြင်း၊ ရေတွင်း ရေကန်ဘေးတွင် အရိပ်အာဝါသကောင်း ရရှိစေရန် သစ်ပင်ပန်းမန် စိုက်ပျိုးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်းအား ပုဂံခေတ်ကပင် တွေ့ရှိခဲ့ရပါသည်။ “သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး” ဟူသော စကားအတိုင်း မြန်မာလူမျိုးတို့ စိုက်ပျိုးတည်ထောင်ထားသော သစ်ပင်တန်းများ၊ သစ်တောအုပ်များကို ကျေးလက်ဘုန်းတော်ကြီး ကျောင်းဝင်းများ၊ စာသင်ကျောင်းဝင်းများ၊ ရွာလမ်းများ၊ လယ်ယာကန်သင်းရိုးများတွင် ရှုမဆုံးအောင် တွေ့မြင်နိုင်ပါသည်။

ယနေ့အချိန်၌ ကမ္ဘာမြေပေါ်တွင် လူသားတို့ကို ဆိုးကျိုးသက်ရောက်မှုအဖြစ် ပေါ်ပေါက်နေသော မှန်လုံအိမ်ကို ဖြစ်ထွန်းစေသည့် ဓာတ်ငွေ့များ လေထုထဲသို့ ထုတ်လွှတ်ခြင်း မြင့်မားလျက်ရှိပါသည်။ အဆိုပါ မှန်လုံအိမ်အာနိသင်ကြောင့် ကမ္ဘာ့အပူချိန်မြင့်တက်ခြင်း၊ ဝင်ရိုးစွန်းမှရေခဲများ လျင်မြန်စွာ အရည်ပျော်၍ ပင်လယ်ရေမျက်နှာပြင် မြင့်တက်ခြင်း၊ ရေချိုရှားပါးလာခြင်း စသည့်ဆိုးကျိုးများနှင့် ကြုံတွေ့လာရပါသည်။ ကမ္ဘာ့ဖန်လုံအိမ်ဖြစ်ထွန်းမှု၏ ၂၀ ရာခိုင်နှုန်းမှာ သစ်တောများ ပျက်စီးလျော့နည်းမှုကြောင့်ဖြစ်ကြောင်း သုတေသီများက ဖော်ထုတ်တင်ပြထားပါသည်။

သစ်ပင်များသည် လေထုထဲမှ ကာဗွန်ဓာတ်ငွေ့များကို စုပ်ယူ၍ သိုလှောင်သိမ်းဆည်းထားပါသည်။ သစ်ပင်သစ်တောများကို ခုတ်လှဲရှင်းလင်းလိုက်ပါက လေထုထဲမှ ကာဗွန်စုပ်ယူသည့်ပမာဏ လျော့နည်းသွားခြင်းသာမက သစ်တောနှင့်သစ်တောမြေများသည် ကာဗွန်ထုတ်လွှတ်ရာများအဖြစ်သို့ ပြောင်းလဲသွားသဖြင့် ဆိုးကျိုးကို နှစ်ပြန်မျှ သက်ရောက်စေပါကြောင်း လေ့လာသိရှိနိုင်ပါသည်။

သစ်ပင်သစ်တောများသည် လူသားများအတွက် အဓိကလိုအပ်ချက်ဖြစ်သော သစ်တောထွက်အမျိုးမျိုး ဖြည့်ဆည်းပေးခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲတို့၏ နေရင်းဒေသများဖြစ်သည်သာမက လယ်ယာစိုက်ပျိုးရေး၊ စွမ်းအင်ထုတ်လုပ်ရေး၊ မွေးမြူရေးနှင့် ခရီးသွားလုပ်ငန်း အစရှိသည်များအပေါ်တွင်လည်း အကျိုးသက်ရောက်မှု ရှိနေပါသည်။ သစ်တောနှင့်သစ်တောမြေများ ပျက်စီးပါက စားဝတ်နေရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးများပါ ထိခိုက်ပျက်စီးသွားမည်ဖြစ်ပါသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက “နိုင်ငံတစ်နိုင်ငံ၏ အခြေခံသယံဇာတမှာ မြေ၊ ရေ၊ တော၊ တောင်နှင့် ရာသီဥတုတို့ဖြစ်၍ တောတောင်ပျက်စီးပါက မြေလည်းပျက်၊ ရေလည်းပျက်စီးကာ ရာသီဥတုဖောက်ပြန်လာသဖြင့် သစ်တောများ မပျက်စီးစေရေးအတွက် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြရန် ဖြစ်ကြောင်း၊ သစ်တောများ မပြုန်းတီးစေရန်အတွက် ပရမ်းပတာ သစ်ခုတ်မှုများမရှိအောင် တားဆီးကာကွယ်ရမည်ဖြစ်သကဲ့သို့ သစ်တောများ ပြန်လည်စိုက်ပျိုး ပြုစုပျိုးထောင်ရေးကိုလည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် သစ်တောကဏ္ဍဆိုင်ရာ လမ်းညွှန်ချက်တွင် ထည့်သွင်းမိန့်ကြားခဲ့ပါသည်။

မြန်မာနိုင်ငံတွင် သစ်တောပြုစုပျိုးထောင်ခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်ရန် ပညာပေးစည်းရုံးခြင်းကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ပညာပေးလက်ကမ်းစာစောင်များ ထုတ်ဝေခြင်း၊ နေ့စဉ်ထုတ်သတင်းစာများတွင် သစ်တောပြုစုပျိုးထောင်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ ပညာပေးဆောင်းပါးများ ရေးသားခြင်း၊ ရုပ်မြင်သံကြားအစီအစဉ်များတွင် TV Spot များ၊ ပညာပေးဇာတ်လမ်းတိုများ ထုတ်လွှင့်ပြသခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

မိုးရာသီကာလသို့ရောက်ရှိတိုင်း မြန်မာတစ်ဝန်း ပျိုးပင်များကို သိန်းရာနှင့်ချီ၍ ဖြန့်ဝေပြီး လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးရန် စည်းရုံးဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် သစ်ပင်စိုက်ပွဲတော်ရက်ကို တစ်ရက်တည်း သတ်မှတ်မထားဘဲ မိုးကာလ အစိုဓာတ်ရရှိမှုအပေါ် အခြေခံ၍ “မြေဆီစိုခိုက် သစ်ပင်စိုက်” ဆောင်ပုဒ်နှင့်အညီ စဉ်ဆက်မပြတ် စိုက်ပျိုးလျက်ရှိပါသည်။

စိုက်ပျိုးပြီးသစ်ပင်များ ရှင်သန်စေရေးအတွက်လည်း ပြုစုနည်းလမ်းများ၊ ကာကွယ်ထိန်းသိမ်းရန် နည်းလမ်းများကိုလည်း ပညာပေးဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့်ပင် “ရှင်အောင်စိုက်ပျိုး၊ ကြီးအောင်ပြုစု၊ မြဲအောင်ထိန်းသိမ်း” ဟူသော ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံတစ်နံတစ်လျား သစ်ပင်စိုက်ပျိုး ဖြစ်ထွန်းအောင်မြင်နေခြင်းကို မြင်တွေ့နေရခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် သစ်တောသယံဇာတကြွယ်ဝသော နိုင်ငံတစ်ခုဖြစ်သည်နှင့်အညီ အစဉ်အလာကို ထိန်းသိမ်းနိုင်ရန်နှင့် နောင်သားစဉ်မြေးဆက်တိုင် သစ်နှင့်သစ်တော သယံဇာတ အမွေကောင်းများ လက်ဆင့်ကမ်း လွှဲပြောင်းပေးနိုင်ရေး၊ သန့်ရှင်းလှပစိမ်းမြစိုပြည်သော ပတ်ဝန်းကျင်ကောင်းတစ်ရပ် တည်ထောင်နိုင်ရေးတို့အတွက် ဌာနမှ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ မိုးရာသီ ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် နိုင်ငံအဝန်း သစ်ပင်စိုက်ပျိုးခြင်းများအပြင် စိတ်ပါဝင်စားသူ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြည်သူများအားစည်းရုံး၍ ပုဂ္ဂလိကပိုင် ကျွန်းနှင့်သစ်မာစိုက်ခင်းများ တည်ထောင်ရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ယခုနှစ် မိုးရာသီတွင် နိုင်ငံတစ်ဝန်း သစ်တောစိုက်ခင်း ၃၆၅၆၅ ဧက တည်ထောင်သွားမည်ဖြစ်ပြီး ပုဂ္ဂလိကစိုက်ခင်းများကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တစ်အိမ်ထောင် ကျွန်းသုံးပင်၊ ယူကလစ်အပင် ၂၀၊ တစ်ရွာလျှင် တစ်ဧကစိုက်ခင်းများ တည်ထောင်စိုက်ပျိုးသွားရန် စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

ကျွန်ုပ်တို့ မှီတင်းနေထိုင်လျက်ရှိသော ကမ္ဘာကြီး၏ သဘာဝပတ်ဝန်းကျင် ပြန်လည်ကောင်းမွန်ရေး၊ လူသားများအပါအဝင် ဇီဝမျိုးစုံမျိုးကွဲများ၊ ထာဝရရှင်သန်ရပ်တည်ရေး၊ စားဝတ်နေရေးလိုအပ်ချက်များ မပျက်ယွင်း မဆုတ်ယုတ်စေရေးအတွက် အဓိကနေရာမှ အရေးပါသည့် သစ်ပင်သစ်တောများ ထိန်းသိမ်းရေး၊ ပြုစုစိုက်ပျိုးရေးလုပ်ငန်းကို ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ပေသည်။ သို့ဖြစ်၍ ယခုနှစ် သစ်ပင်စိုက်ပျိုးရေးရာသီတွင် သစ်တောဦးစီးဌာန ဝန်ထမ်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့်အတူ ပြည်သူတစ်ရပ်လုံးက မွေးရာပါ သဘာဝမှ ပေးအပ်သော တာဝန်ကြီးတစ်ရပ်အဖြစ် “သက်ရှိလောကတည်မြဲဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့” ဟူသော ဆောင်ပုဒ်နှင့်အညီ “အလေးထားဆောင်ရွက် စိုက်ပျိုးကြပါစို့” ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း(ရန်ကုန်) ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၅

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း(ရန်ကုန်) အမှုဆောင်ပါမောက္ခ ဦးမော်သန်းက လက်မှတ်ရပြည်သူ့စာရင်းကိုင်များအားလုံး သိရှိနားလည်ထားရန်လိုအပ်သော MFRS for SMEs (Part-VI) ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဇွန် ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်း ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ဟောပြောပွဲ တက်ရောက်သူသည် CPE နာရီအတွက် ထောက်ခံချက် ရရှိမည်ဖြစ်ပြီး ဟောပြောပွဲတက်ရောက်ရန်အတွက် ဇွန် ၂၃ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ရုံးခန်း အမှတ်(၁/၁၉) သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း ပထမထပ်သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည် ဖြစ်သည်။ စာရင်းသွင်းရာတွင် အသင်းဝင်အမှတ်၊ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ်အမှတ်(ရှိလျှင်)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်များ ဖော်ပြပေးရမည်ဖြစ်သည်။ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်းနှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း (ဒုတိယပိုင်း)တက်ရောက်နေဆဲ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ဟောပြောပွဲ တက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း (ရန်ကုန်)ရုံးခန်း၌ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)ရပ်ကွက် ကမ္ဘာအေးစေတီလမ်းနေ ကွယ်လွန်သူများဖြစ်ကြသော မြန်မာ့ရုပ်ရှင်ဖခင်ကြီး ဦးညီပု၊ မိခင် ဒေါ်စန်းရင်(ခ) Jakako Suki၊ အစ်ကို ဦးစံတင်၊ ညီမ ဒေါ်ပြည်ငြိမ်းရှင်တို့အားရည်စူး၍ ဦးပန်းလှ-ဒေါ်အေးအေးမြင့်၊ သမီး ဒေါက်တာကေသရီလှမိသားစုတို့က လေးထပ်ဘိုးဘွားဆောင် အဆောက်အအုံသစ်ကြီး အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)လမ်း၌ ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် လမ်းလုပ်သားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

❁ ရှေ့ဖုံးမှ

ဖောက်လုပ်နေသောလမ်းများ၊ တစ်နိုင်ငံလုံးတွင် B.O.T စနစ်ဖြင့် ဖောက်လုပ်နေသော လမ်းများ၊ ယခုလမ်းအပါအဝင် ပဲခူးရိုးမဖြတ်ကျော်သည့်လမ်းများကို အသစ်ဖောက်လုပ်နေမှုနှင့် ကတ္တရာလမ်း အဆင့်မြှင့်တင် ဆောင်ရွက်နေမှု၊ နေပြည်တော်-တောင်ညို-ချောင်းနက်-တောင်တွင်းကြီးလမ်းအား အဆင့်မြှင့်တင်ပြုပြင် ထိန်းသိမ်းနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ်သည် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)လမ်းကို B.O.T စနစ်ဖြင့် ဖောက်လုပ်နေသည့် ကုမ္ပဏီများမှ လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ယခုဆောင်ရွက်နေသည့် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး) လမ်းအပိုင်းတွင် B.O.T စနစ်ဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပါဝင်လုပ်ကိုင်ဆောင်ရွက်နေကြသကဲ့သို့ နိုင်ငံတော်တစ်ဝန်းလုံးတွင်လည်း B.O.T စနစ်ဖြင့် လမ်းမိုင်ပေါင်းများစွာကို ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းစတင်ချိန်တွင် ရင်းနှီးမြှုပ်နှံရသည့် ငွေကြေးပမာဏ များပြားသော်လည်း ရေရှည်တွင် အကျိုးဖြစ်ထွန်းစေမှာဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူထားသည့် လမ်းအပိုင်းများ ပိုမိုကောင်းမွန်ချောမွေ့လာသည်နှင့်အမျှ ဒေသအတွင်း ပိုမိုစည်ပင် ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံတော်အတွက်ရော လုပ်ငန်းရှင်များအတွက်ပါ မျှတစွာအကျိုးဖြစ်ထွန်းစေမှာဖြစ်ကြောင်း။

ပိုမိုဖွံ့ဖြိုးတိုးတက်

ဤလမ်းပိုင်းကို ဖောက်လုပ်ခဲ့ရာ၌ လက်ရှိမြေသားလမ်း အဆင့်မှာပင် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများ ခရီးသွားလာရေးနှင့် ဒေသထွက်ကုန်စည်များ ကူးသန်းရောင်းဝယ်ရေးတို့အတွက် ကား၊မော်တော်ဆိုင်ကယ်၊ ထော်လာဂျီယာဉ်များဖြင့် လွယ်ကူလျင်မြန်စွာ သွားလာနိုင်ကြပြီဖြစ်ကြောင်း၊ ကတ္တရာလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်ပြီးစီးသွားပါက ဤလမ်းမကြီးနှင့် ဆက်စပ်လျက်ရှိသော ဒေသများအားလုံး စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ကဏ္ဍများလည်း တစ်ဆက်တစ်စပ်တည်း သိသိသာသာ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

ဒေသခံပြည်သူများ အချင်းချင်းထိတွေ့ဆက်ဆံမှု ပိုမိုများပြားလာကာ ပိုမိုချစ်ခင်ရင်းနှီးလာစေရေးအတွက် ယခုဖောက်လုပ်သည့် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)လမ်း အပါအဝင် မိမိတို့အစိုးရလက်ထက်၌ ပဲခူးရိုးမဖြတ်ကျော်လမ်းများကို အသစ်ဖောက်လုပ်ခြင်း၊ ရာသီမရွေး ဆက်သွယ်သွားလာနိုင်သည့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးခြင်းများကို တစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိကြောင်း၊

နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)လမ်း၌ ကျောက်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ထို့ကြောင့် မိမိတို့ တာဝန်ယူဆောင်ရွက်နေသည့် လမ်းအပိုင်းများ ဆောင်ရွက်ကြရာတွင် စီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ်သာ မရှုမြင်ဘဲ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုတို့ကို အထောက်အကူပြု သယ်ပိုးနိုင်သည့် ကြိုးပမ်းဆောင်ရွက်မှုတစ်ရပ်အဖြစ် ရှုမြင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

စနစ်တကျ ကြိုးပမ်းဆောင်ရွက်

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း လုပ်ငန်းအတွေ့အကြုံ နုနယ်သေးသည့် လုပ်ငန်းရှင်များအား နည်းစနစ်ပိုင်းဆိုင်ရာများ၊ အတတ်ပညာပိုင်းဆိုင်ရာများကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမှာဖြစ်၍ အချိန်မီပြီးစီးရေးနှင့် လမ်းအရည်အသွေး စံချိန်စံညွှန်းပြည့်မီစေရေးအတွက် စနစ်တကျ ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)လမ်း ဖောက်လုပ်ရေးစီမံကိန်း တာဝန်ခံအင်ဂျင်နီယာချုပ် ဦးဝင်းဖေက လမ်းဖောက်လုပ်ရာတွင် မြေသားလမ်းအဆင့် တာဝန်ယူဆောင်ရွက်မည့်ဌာနနှင့် ကုမ္ပဏီများအား တာဝန်ခွဲဝေနေရာချထားမှု၊ ကတ္တရာလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်ရန် တာဝန်ယူဆောင်ရွက်မည့် ဌာနနှင့် ကုမ္ပဏီများအား တာဝန်ခွဲဝေနေရာချထားမှုနှင့် ကန်ပြားအပိုင်း တည်ဆောက်ရန် လျာထားဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)လမ်းကို မြေသားလမ်းအဖြစ် ဖောက်လုပ်ပြီးစီးမှု၊ လမ်းခင်းကျောက်များ စုဆောင်းထားရှိမှုနှင့် အခြေခံလွှာ ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးမေးမြန်း

ယင်းနောက် ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် လမ်းလုပ်သားများအား ရင်းနှီးစွာ နှုတ်ဆက်အားပေးပြီး ဒေသဖွံ့ဖြိုးလာမှုနှင့် အလုပ်အကိုင်နှင့် ဝင်ငွေတိုးတက်ရရှိလာမှု အခြေအနေများကို ဆွေးနွေးမေးမြန်းသည်။

နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)လမ်းသည် ပဲခူးရိုးမကို ဖြတ်ကျော်၍ နေပြည်တော်နှင့် မကွေးမြို့တို့ကို ဆက်သွယ်ပေးမည့် လမ်းမသစ်ကြီးဖြစ်သည်။ ယခုအခါ မြေသားလမ်းအဖြစ် ဖောက်လုပ်ပြီးစီးပြီဖြစ်၍ ရာသီမရွေး သွားလာနိုင်သည့် ကတ္တရာလမ်းအဖြစ် ဆက်လက်ဖောက်လုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့ရှိ သင်ကြားရေးဆေးရုံကြီး (မကွေး)သို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဆေးရုံခန်းမဆောင်၌ ဆေးရုံအုပ်ကြီး၊ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးတက္ကသိုလ်(မကွေး)မှ ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံ၍ ယခုကဲ့သို့ မိမိနှင့် အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ မကွေးတိုင်းအတွင်း လာရောက်ခြင်းမှာ တည်ဆောက်လျက်ရှိသော လမ်း၊ တံတားလုပ်ငန်းများအပါအဝင် အခြားသော တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးအောင်မြင်မှုများကို စစ်ဆေးကြည့်ရှုပြီး နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းဆောင်ရွက်ပေးရန်ရှိသည်များကို ပံ့ပိုးကူညီပေးသွားရန် လာရောက်ခြင်းဖြစ်ကြောင်း။

မကွေးတိုင်းအတွင်း ဧရာဝတီမြစ်ကူးတံတားကြီးများ အပါအဝင် တံတားကြီးငယ်များ၊ ရထားလမ်းများ၊ ရိုးမဖြတ်ကျော်လမ်းများနှင့် ခရိုင်ချင်း၊ မြို့နယ်ချင်း ဆက်စပ်ပေးသည့် လမ်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအခါ မြန်မာနိုင်ငံ၏ အရှည်ဆုံးမြစ်ကူးတံတားကြီးဖြစ်သည့် ဧရာဝတီ မြစ်ကူးတံတား (ပခုက္ကူ)နှင့် ရာသီဥတုအခြေအနေပေါ် မူတည်၍ အန္တရာယ်များပြားစွာ ဖြတ်သန်းရသည့် ဒေါင်းနေချောင်းကို ကျော်လွှားမည့် တံတားကြီးကိုပါ အလျင်အမြန်ပြီးစီးအောင် တည်ဆောက်ပေးလျက်ရှိကြောင်း။

အထောက်အကူပြု

လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာပြီး ဒေသအတွင်း စီးပွားရေး၊ လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးမှုခိုင်မာအားကောင်းလာသည်နှင့်အမျှ ပြည်ထောင်စုတစ်ဝန်းလုံးသို့ ကူးသန်းသွားလာနိုင်မှာဖြစ်ကြောင်း၊ ထိုသို့ သွားလာနိုင်ခြင်းဖြင့် တိုင်းရင်းသားပြည်သူလူထုအတွင်း "တွေ့ပါများရင်းနှီး၊ မြင်ပါများချစ်ခင်" ဆိုသကဲ့သို့ ရင်းနှီးချစ်ခင်မှုများမှတစ်ဆင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားလာစေရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်မှာဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ယခင်က လမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်းကြောင့် ပြည်ထောင်စုအတွင်း ကူးသန်းသွားလာဆက်ဆံမှုနည်းပါးခဲ့ပြီး နယ်ချဲ့ကိုလိုနီများ၏ သွေးခွဲသပ်လျှိုမှုများခံခဲ့ရကာ တစ်နိုင်ငံတည်းတွင် ရေခြားမြေခြား တစ်ပြည်တစ်ရွာစီနေထိုင်ပြီး သူစိမ်းပြင်ပြင် ဖြစ်ခဲ့ရကြောင်း၊ ထို့ကြောင့် ပြည်ထောင်စု တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲပြားကာ ဒေသစွဲ၊ လူမျိုးစွဲ၊ ဝါဒစွဲစိတ်ဓာတ်များ ပြင်းထန်လာပြီး နှစ်ပေါင်း (၅၀)ကျော် ဆူပူသောင်းကျန်းမှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရကြောင်း။

တိုင်းပြည်လွတ်လပ်ရေးရပြီးစအချိန်၌ ပြည်သူလူထုအပေါင်းက လုံခြုံတည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ကြတော့မည်ဟု ယုံကြည်မျှော်လင့်နေချိန်တွင် အဆိုပါ ဆူပူသောင်းကျန်းမှုများကို တွန်းလှန်ကာကွယ်ရင်း အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရကြောင်း၊ မည်သူနိုင်၍ မည်သူရှုံးသည်ဖြစ်စေ မိမိတို့၏ သွေးချင်းညီအစ်ကို မြန်မာနိုင်ငံသား တိုင်းရင်းသားများ၏ အသက်ဆုံးရှုံးရခြင်းပင်ဖြစ်သည်ကို သင်ခန်းစာယူရမှာဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရလက်ထက်တွင် နိုင်ငံအတွင်း မည်သည့်နေရာတွင်ဖြစ်စေ အိမ်ဦးနှင့် ကြမ်းပြင်ပမာ ကူးသန်းသွားလာနိုင်ရေးအတွက် တောင်ပေါ်မြေပြန့် ပင်လယ်ကုန်းတွင်း ဒေသအနှံ့အပြားတွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာစေရန် အားထုတ်ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

တက္ကသိုလ်များဖွင့်လှစ်

အလားတူ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ တိုးမြှင့်ဆောင်ရွက်လာနိုင်စေရန် ဖွံ့ဖြိုးရေးဒေသကြီး (၂၄) ခု သတ်မှတ်ကာ ဒေသတစ်ခုတွင် ခုတင် ၁၀၀ ဆံ့ ဆေးရုံ၊ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်တစ်ခုစီ တည်ဆောက်ပေးခဲ့ကြောင်း၊ ယခုသင်ကြားရေးဆေးရုံကဲ့သို့ အဆင့်မြင့်ပညာရပ်များ သင်ကြားပေးနိုင်သည့် ဘာသာရပ်ဆိုင်ရာ တက္ကသိုလ်များကိုလည်း အချက်အချာကျသည့် ဒေသများတွင် ဖွင့်လှစ်ခဲ့ကြောင်း။

ဤသို့ ဖွင့်လှစ်နိုင်ခဲ့ခြင်း၏ ရလဒ်ကောင်းအဖြစ် ဤဆေးရုံကြီးမှ မြန်မာပြည်တွင် ပထမဦးဆုံးသော ခွဲစိတ်ကုသမှုဖြစ်သည့် ပြတ်နေသောလက်ကို ခွဲစိတ်ကုသ၍ ပြန်ဆက်ပေးနိုင်ခဲ့သည့် အောင်မြင်မှုမျိုးရရှိခဲ့ခြင်းကို ဂုဏ်ပြုမှတ်တမ်းတင်လိုကြောင်း၊ မိမိတို့ နိုင်ငံ၌ ဘာသာရပ်အသီးသီးတွင် ဤသို့ စွမ်းဆောင်မှုမျိုး ဆောင်ရွက်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ် များစွာလိုအပ်ကြောင်း။

နိုင်ငံတော်အစိုးရ၏ စေတနာကောင်းနှင့်ယှဉ်တွဲ၍ လုပ်ကိုင်ဆောင်ရွက်ပေးနေမှုများမှ ဖွံ့ဖြိုးတိုးတက်လာသည့် ပညာတတ် မျိုးဆက်သစ်လူငယ်များစွာသည်လည်း အနာဂတ်နိုင်ငံတော်ကို ဆက်လက်မြှင့်တင် စောင့်ရှောက်သွားကြရမှာဖြစ်ကြောင်း၊ ဆရာဝန်ကြီးများ အနေဖြင့်လည်း ကုသရေးတွင် ဂုဏ်ယူလောက်သည်အထိ စွမ်းဆောင်ခဲ့သည့်နည်းတူ ကျန်းမာကြံ့ခိုင်သည့်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

မှန်ကန်သောမူဝါဒနှင့် ခိုင်မာသောရည်မှန်းချက်များ တိကျစွာချမှတ်ထား ပြည်သူလူထုက ထိထိရောက်ရောက် ဖိဖိစီးစီး ကြိုးပမ်းဆောင်ရွက်ပါက ခေတ်မီဖွံ့ဖြိုးသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် ပေါ်ထွန်းလာမည်

တွေ့ဆုံမှာကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မကွေးမြို့ရှိ သင်ကြားရေးဆေးရုံကြီး (မကွေး)၌ ဆေးရုံအုပ်ကြီး၊ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးတက္ကသိုလ် (မကွေး)မှ ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

✳ စာမျက်နှာ ၇ မှ

လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးအတွက် ကျန်းမာရေး အသိပညာပေးလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံတော်တွင် မှန်ကန်သော မူဝါဒနှင့် ခိုင်မာသော ရည်မှန်းချက်များဖြင့် တိကျစွာ ချမှတ်လမ်းညွှန်ပေးထားပြီးဖြစ်ရာ ပြည်သူလူထုက ထိထိရောက်ရောက် ဖိဖိစီးစီး ကြိုးပမ်းဆောင်ရွက်သွားပါက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် ပေါ်ထွန်းလာမှာ ဖြစ်ကြောင်း မှာကြားသည်။

မြွေဆိပ်ဖြေဆေးများ ပေးအပ်

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက မကွေးတိုင်းအတွင်းရှိ မြို့နယ်များတွင် မြွေကိုက်လူနာများသော မြို့နယ်ဆေးရုံနှင့် တိုက်နယ်ဆေးရုံများအတွက် မြွေဆိပ်ဖြေဆေးများကို ဆေးရုံအုပ်ကြီးများနှင့် တာဝန်ရှိသူများအား ပေးအပ်သည်။

ထို့နောက် သင်ကြားရေးဆေးရုံကြီး (မကွေး)မှ အရိုးခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာသန်းဌေးက ၂၀၀၉ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် လက်ဝဲလက်ကောက်ဝတ်မှ ပြတ်သွားသော လူနာအား ပြန်ဆက်အောင် အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးချုပ်က လက်ကောက်ဝတ်ပြတ်လူနာ မောင်မင်းသူအား ထောက်ပံ့ငွေများကို လည်းကောင်း၊ အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့သည့် ခွဲစိတ်ကုသရေးအဖွဲ့အား ဂုဏ်ပြုဆုငွေများကို လည်းကောင်း ပေးအပ်ပြီး ဆေးရုံအတွင်းရှိ လူနာကုသဆောင်များကို လှည့်လည်ကြည့်ရှုကာ ဆရာဝန်၊ ဆရာမများအား ဆေးဝါးကုသပေးမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးစွာ ဆွေးနွေးမေးမြန်းသည်။

ရှင်းလင်းတင်ပြ

ထို့မှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်သည် အမှတ်(၂) စက်မှုဝန်ကြီးဌာန မကွေးစက်မှုနယ်မြေစီမံကိန်းသို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းက မကွေးစက်မှုနယ်မြေတွင် အကြီးစားမော်တော်ယာဉ်ထုတ်လုပ်မှု စီမံကိန်း၊ Gear & Transmission Plant စီမံကိန်းနှင့် စက်မှုသင်တန်းကျောင်း(မကွေး) စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ စီမံကိန်းတည်နေရာနှင့် အကျယ်အဝန်း၊ Heavy Turbo Truck ထုတ်လုပ်မှုစက်ရုံစီမံကိန်း၌ အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုနှင့် စက်ပစ္စည်းများ ရောက်ရှိတပ်ဆင်မည့် အခြေအနေ၊ ထုတ်လုပ်မည့် မော်တော်ယာဉ်များနှင့် ထုတ်လုပ်မှုနည်းစနစ်၊ Gear & Transmission ထုတ်လုပ်မှုစက်ရုံစီမံကိန်း၌ အဆောက်အအုံဆောက်လုပ်ပြီးစီးမှု၊ စက်ပစ္စည်းများ ရောက်ရှိမည့်အခြေအနေ၊ ထုတ်လုပ်မည့် Transmission System (Gear Box) များ၊ စက်ရုံများအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်လုပ်နိုင်မည့် အခြေအနေ၊ စက်မှုသင်တန်းကျောင်း (မကွေး)၌ သင်ကြားပေးမည့် ဘာသာရပ်များနှင့် သင်တန်းသားဦးရေတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံလုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကာကွယ်ရေးတို့ကို စနစ်တကျ စီမံဆောင်ရွက်သွားရန်၊ ယခုစတင်ထုတ်လုပ်မည့် ကုန်တင်ယာဉ်များအား ပြည်တွင်းသုံးအဖြစ် ထုတ်လုပ်သည့်အဆင့်မှ ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဝန်ကြီးချုပ်သည် စက်ရုံအဆောက်အအုံများ ဆောက်လုပ်နေမှုနှင့် စက်မှုသင်တန်းကျောင်း(မကွေး) တည်ဆောက်ရန် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

အဆိုပါ စက်မှုနယ်မြေရှိ Heavy Turbo Truck ထုတ်လုပ်မှုစီမံကိန်းမှ 20-30 Ton Heavy Truck (6 x 2 & 6 x 4) Left Hand Drive ယာဉ်များကို တစ်နှစ်လျှင် စီးရေ ၁၀၀၀၊ Gear & Transmission ထုတ်လုပ်မှုစက်ရုံစီမံကိန်းမှ Transmission System (Gear Box) များကို တစ်နှစ်လျှင် အစုံ ၇၀၀ ထုတ်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ စက်မှုသင်တန်းကျောင်း (မကွေး)မှ မော်တော်ယာဉ်စက်ပစ္စည်းပိုင်းဆိုင်ရာနှင့် မော်တော်ယာဉ် ထုတ်လုပ်မှုဆိုင်ရာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီး တည်ဆောက်ရေးအဖွဲ့(၄)က တာဝန်ယူတည်ဆောက်နေသည့် ဧရာဝတီတံတား(မလွန်) တည်ဆောက်ရေးစီမံကိန်း၏ မိချောင်းရဲ ဘက်ကမ်းရှိ စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ဝန်ကြီးချုပ်သည် ရှင်းလင်းဆောင်ရှုရပ်မှနေ၍ ပင်မတံတားတိုင်များ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ၂၀၀၉ ခုနှစ် နိုဝင်ဘာ ၂၂ ရက်တွင် စီမံကိန်း စတင်ဆောင်ရွက်ခဲ့မှု၊ ပင်မတံတားအရှည် ၃၂၁၅ ပေ ငါးလက်မရှိပြီး မော်တော်ကားလမ်း နှစ်လမ်းနှင့် ရထားလမ်းတစ်လမ်း ပါဝင်သော တံတားကြီးအဖြစ် တည်ဆောက်နေမှု၊ တံတားအူကြောင်း ရွေးချယ်ရာတွင် ရေဝဲများ တည်ရှိနေမှုကြောင့် တံတားအူကြောင်း ပြောင်းလဲရွေးချယ်ခဲ့မှု၊ စီမံကိန်းဆိုင်ရာအချက်အလက်များ၊ လုပ်ငန်းစီမံချက်နှင့် ယခုအခါ တည်ဆောက်ရေးလုပ်ငန်းတစ်ခုလုံး၏ ၄၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေမှု၊ ၁၉၈၈ ခုနှစ်နောက်ပိုင်း တည်ဆောက်ပြီး ဧရာဝတီမြစ်ကူး တံတားကြီး ရှစ်စင်းနှင့် တည်ဆောက်ဆဲတံတားကြီး ငါးစင်းတို့၏ တည်ဆောက်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရထားလမ်းများ

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းက ဧရာဝတီတံတား(မလွန်) ချဉ်းကပ်ရထားလမ်းနှင့် ဆက်စပ်ရထားလမ်းများ ဖောက်လုပ်ပြီးစီးမှုအခြေအနေ၊ ကြံခင်း-ပခုက္ကူ ရထားလမ်းနှင့် မကွေး-နတ်မောက်-ပျော်ဘွယ်ရထားလမ်းများ ဖောက်လုပ်ပြီးစီးမှုအခြေအနေ၊ ဖြစ်ပေါ်လာမည့် အမှတ်(၃) မဟာဗျူဟာ ရထားလမ်းကြောင်းအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေးက စီမံကိန်းလုပ်ငန်းများသို့ စက်သုံးဆီများ ဖြန့်ဖြူးပေးနေသည့် အခြေအနေကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က တံတားတည်ဆောက်ရေး လုပ်ငန်းများသည် မြန်ဆန်စွာ ပြီးစီးနိုင်ရေးနှင့် သတ်မှတ်စံချိန်စံညွှန်း ပြည့်ဝ

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၆-၆-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၀	၂။	အောင်တော်မူ (စောမင်းနောင်၊စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇း၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၆။	မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈း၁၀	၇။	အတီးပြိုင်ပွဲ
၈း၂၅	၈။	တေးဂီတအစီအစဉ်
၈း၃၅	၉။	"ကွန်ရက်သဖွယ် ယှက်နွယ်ထား သီရိမင်္ဂလာ ခုံးကျော်တံတား"
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	"အမှန်ထင်နေသောအမှား"
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၃း၃၀	၁။	Myanmar National League MNL (2010) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် (Southern Myanmar F.C နှင့် ဇွဲကပင်ယူနိုက်တက် F.C)
၅း၀၀	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၅	၃။	"မနောမြေအလှမှတ်တမ်း တစ်စိတ်တစ်ဒေသ"
၅း၁၅	၄။	ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅း၂၅	၅။	Football Planet (၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပွဲကြိုသုံးသပ်ချက်)
၅း၄၅	၆။	ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဟွန်ဒူးရပ်စ်နှင့် ချီလီ)
၈း၀၀	၇။	ပြည်တွင်းသတင်း
	၈။	နိုင်ငံတကာသတင်းများ
	၉။	မိုးလေဝသအခြေအနေ
	၁၀။	ထာဝရတို့မြေအလှ [ဟေမာနေဝင်း၊ တေးရေး- ပက်ထရစ်(မိုးသောက်ပန်း)]
	၁၁။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တေးသံသာ" (အပိုင်း-၅၁)**
	၁၂။	**မြန်မာဗီဒီယိုဇာတ်လမ်း "သမုဒယကင်း" (ထွန်းထွန်း၊ပုလဲဝင်း၊ သင်ဇာဝင့်ကျော်၊) (ဒါရိုက်တာ-ကြည်ဖြူသျှင်)**
	၁၃။	အစီအစဉ်ပြီး၏။

တစ်အိမ်ထောင်ကျွန်းသုံးပင်၊ သစ်မာပင် ၂၀၊ လူတစ်ဦး ကျွန်းတစ်ပင်စိုက်ပျိုးရေး ကြံခင်း၌ တာဝန်ပေး

ရန်ကုန် ဇွန် ၁၅

၂၀၁၀ ခုနှစ် မိုးရာသီအတွင်း တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်၊ သစ်မာပင် ၂၀၊ တစ်ရွာ တစ်ဧကနှင့် လူတစ်ဦးလျှင် ကျွန်းတစ်ပင်စိုက်ပျိုးရေး ရပ်ကွက်/ကျေးရွာ ၃၃ အုပ်စုသို့ တာဝန်ပေးအပ်လွှာများ ပေးအပ်ပွဲကို ဇွန် ၂ ရက်တွင် ကြံခင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် သစ်တောဦးစီးအရာရှိတို့က စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်များ၊ စိုက်ပျိုးပုံနည်းစနစ်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ကြောင်းသိရသည်။

ဖြန့်ဝေမည်

၂၀၁၀ ခုနှစ် မိုးရာသီတွင် ကြံခင်းမြို့နယ် သစ်တောဦးစီးဌာနက ကျွန်းပင်ပေါင်း ၇၆၃၆၀ နှင့် သစ်မာပင်ပေါင်း ၃၆၀၂၀၀ စုစုပေါင်း ၄၃၆၅၆၀ တို့ကို ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သစ်တော)

ကြံခင်းမြို့နယ် ၂၀၁၀ ခုနှစ် မိုးရာသီအတွင်း တစ်အိမ်ထော[င်လျှင်] ကျွန်းသုံးပင်၊ သစ်မာပင် ၂၀၊ တစ်ရွာတစ်ဧကနှင့် လူတစ်ဦးလျှင် ကျွန်း[တစ်ပင်] စိုက်ပျိုးရေး တာဝန်များကို ရပ်ကွက်/ကျေးရွာ ၃၃ အုပ်စုသို့ တာဝ[န်ပေး]အပ်လွှာများ ပေးအပ်စဉ်။

(သစ်[တော])

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် လက်ကောက်ဝတ်ပြတ်လူနာ မောင်မင်းသူအား ထောက်ပံ့ငွေ ပေးအပ်စဉ်။

(သတင်းစဉ်)

ကိုက်ညီစေရေးကို ဂရုပြု ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ ထို့အပြင် ရေစီးနှုန်း မြန်ဆန်သောနေရာဖြစ်၍ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ဂရုတစိုက် ဆောင်ရွက်သွားရန်နှင့် လိုအပ်ပစ္စည်းများ အချိန်မီရရှိရေး ဆောင်ရွက်သွားရန် မှာကြားသည်။

တည်ရှိ

ဧရာဝတီတံတား(မလွန်) အရှေ့ဘက်ကမ်းမှာ မိချောင်းရဲ-ပဌနဂိုရ် ကားလမ်းအနီး မကွေးမြို့နယ် ရွာသစ်ကျေးရွာနှင့် စစ်ကိုးပင် (စစ်ခိုပင်) ကျေးရွာအကြား၌ တည်ရှိသည်။ အနောက်ဘက်ကမ်းမှာ သရက်ခရိုင် မင်းလှမြို့နယ် သဖန်းချောင်းရွာနှင့် ကိုင်းရွာကြား၌ တည်ရှိသည်။ တံတားပေါ်တွင် အကျယ် ၂၈ ပေရှိ မော်တော်ကားလမ်း၊ အကျယ် ၁၄ ပေရှိ ရထားလမ်းနှင့် တစ်ဖက်လျှင် သုံးပေစီရှိသည့် လူသွားလမ်းတို့ ပါရှိမည်ဖြစ်သည်။ တံတားအမျိုးအစားမှာ အချင်း ၁ ဒသမ ၅ မီတာ လွန်တူးပိုင် အုတ်မြစ်၊ သံကူကွန်ကရစ် တံတားအောက်ထည်နှင့် တံတားအပေါ်ထည် သံမဏိသံပေါင်အမျိုးအစားဖြစ်သည်။ ယခုအခါ ပင်မတံတားတိုင် လုပ်ငန်းများဖြစ်သည့် Shaft ကွန်ကရစ်သွန်းလောင်းခြင်း၊ ဘိုးပိုင်တူးဖော်ခြင်း၊ Stand Pipe ရိုက်ခြင်းနှင့် Pile Cap တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် ထိုမှတစ်ဆင့် မိချောင်းရဲ-ပဌနဂိုရ် လမ်းအတိုင်း ထွက်ခွာလာပြီး လမ်းအခြေအနေနှင့် လမ်းဘေးဝဲ၊ ယာ၌ သီးနှံစိုက်ခင်းများ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ညနေပိုင်းတွင် မကွေးမြို့သို့ ပြန်လည်ရောက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက် ၉ နာရီခွဲတွင် မကွေးမြို့မှ မကွေး-တောင်တွင်းကြီး-ချောင်းနက်-တောင်ညို-နေပြည်တော် လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး မိုင်တိုင်အမှတ်(၄၇/၃)ရှိ တောင်တွင်းကြီးမြို့နယ် သစ်တောဦးစီးဌာန ကင်မွန်းတောင်ကြိုးဝိုင်း ဝံအော်ကြီးစခန်းသို့ ရောက်ရှိကြသည်။

အားပေးကူညီ

ထို့နောက် စခန်းရှင်းလင်းဆောင်၌ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်က သစ်တောသယံဇာတများ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရတနာတန်းဝင် ကျွန်းစိုက်ခင်းများ ထူထောင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ်က သစ်တောထိန်းသိမ်းစောင့်ရှောက်မှု လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားရန်၊ ပုဂ္ဂလိကသစ်တောစိုက်ခင်းများ ပိုမိုတိုးတက်ဖွံ့ဖြိုးလာရေး အတွက် ဝန်ကြီးဌာနအပိုင်းက အားပေးကူညီစောင့်ရှောက်သွားရန် မှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်သည် မော်တော်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာပြီး လမ်းဘေးဝဲ၊ ယာရှိ ကင်မွန်းတောင်ကြိုးဝိုင်း၊ ပလွေးကြိုးဝိုင်းနှင့် ငလိုက်ကြိုးဝိုင်းတို့တွင် သဘာဝသစ်တောများ ပေါက်ရောက်နေမှု၊ ရတနာတန်းဝင် ကျွန်းစိုက်ခင်းများ ထူထောင်ထားရှိမှုနှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ နေပြည်တော်-တောင်ညို-တောင်တွင်းကြီး လမ်းတစ်လျှောက်တွင် လမ်းတိုးချဲ့ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မိုင်တိုင်အမှတ် (၃၇/၆)ရှိ ငွေးချိုစခန်းရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က နေပြည်တော်-တောင်ညို-တောင်တွင်းကြီးလမ်း တိုးတက်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းက နေပြည်တော်ကို ဗဟိုပြု၍ ရထားလမ်းများ ပြေးဆွဲနေမှုနှင့် ခရီးသည်များ လိုက်ပါစီးနင်းနေမှု အခြေအနေ၊ ပြည်(ရွှေတံခါး)-ပေါက်ခေါင်း-တောင်ငူ (ကျေးတော)-နေပြည်တော် ရထားလမ်းဖောက်လုပ်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က ယခုလမ်းအပါအဝင် ရိုးမဖြတ်ကျော်လမ်းများ ဖောက်လုပ်နေမှုနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ဖိဖိစီးစီး ဆောင်ရွက်သွားရန်၊ မိုးရာသီရောက်ရှိပြီဖြစ်၍ လမ်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျ ကြိုတင်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် မကွေးမြို့ရှိ သင်ကြားရေး ဆေးရုံကြီး(မကွေး)၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် မကွေးမြို့ သင်ကြားရေးဆေးရုံကြီး (မကွေး)၌ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

...ခုနှစ် မိုးရာသီအတွင်း တစ်အိမ်ထောင်လျှင် ...တစ်ရွာတစ်ကေနှင့် လူတစ်ဦးလျှင် ကျွန်းတစ်ပင် ...ရပ်ကွက်/ကျေးရွာ ၃၃ အုပ်စုသို့ တာဝန်ပေး

(သစ်တော)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၆-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ "အများနှင့်မတူအောင်နေ" တရားတော် [ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ (မြင်းခြံဆရာတော်)]
- ၆း၅၅ ရှုတိုင်းလှသည် ပထက်တောင် အတုလရံသီ
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၈)**
- ၈း၃၀ Sports World
- ၈း၅၅ ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ "တော်ဝင်မိသားစုကုမ္ပဏီဥက္ကဋ္ဌ ဦးကိုကိုထွေးနှင့်တွေ့ဆုံခြင်း" (အပိုင်း-၂)
- ၉း၁၅ Activities In the City (GANO EXCEL MYANMAR ၏ ဂုဏ်ပြုဆုချီးမြှင့်ပွဲ)
- ၉း၃၀ အားကစားမြင်ကွင်းစုံ
- ၁၀း၁၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ (ရိုးရိုးလေးလည်းလန်းပါတယ် ရိုက်ကွင်းအမှတ်တရ)
- ၁၀း၃၅ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ရီတာစိုးဝင်း)
- ၁၁း၀၀ Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
- ၁၁း၃၅ ဗီဒီယိုပြခန်း
- ၁၁း၅၀ လှပသောအသားအရေတို့၏ လျှို့ဝှက်ချက်
- ၁၂း၀၅ ခါတ်ပုံထဲမှ အမှတ်တရများ (ဟက်ကက်၏ ခါတ်ပုံထဲမှ အမှတ်တရများ)
- ၁၂း၃၅ သဘာဝအလှရတနာ သစ်ခွကမ္ဘာ
- ၁၂း၄၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (မွေးမြူရေးဆေးဝါးထုတ်လုပ်ရေး စက်ရုံ)
- ၁း၀၀ "အများနှင့်မတူအောင်နေ" တရားတော် [ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ (မြင်းခြံဆရာတော်)]
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ စကားနပန်း (Heart ထိတာကောင်းတယ်၊ Heart မထိတာကောင်းတယ်)
- ၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၈)**
- ၄း၀၅ Activities In the City (GANO EXCEL MYANMAR ၏ ဂုဏ်ပြုဆုချီးမြှင့်ပွဲ)
- ၄း၂၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ (ရိုးရိုးလေးလည်းလန်းပါတယ် ရိုက်ကွင်းအမှတ်တရ)
- ၄း၄၀ လှပသောအသားအရေတို့၏ လျှို့ဝှက်ချက်
- ၅း၀၀ ရန်ကုန်မြင်ကွင်းကျယ် (Revlon ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲ)
- ၅း၁၀ ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ "တော်ဝင်မိသားစုကုမ္ပဏီဥက္ကဋ္ဌ ဦးကိုကိုထွေးနှင့်တွေ့ဆုံခြင်း" (အပိုင်း-၂)
- ၅း၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ခါတ်ပုံထဲမှ အမှတ်တရများ (ဟက်ကက်၏ ခါတ်ပုံထဲမှ အမှတ်တရများ)
- ၆း၄၅ ဗီဒီယိုပြခန်း
- ၇း၀၅ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ရီတာစိုးဝင်း)
- ၇း၂၅ Road to Highest Competition (France)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း (Heart ထိတာကောင်းတယ်၊ Heart မထိတာကောင်းတယ်)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၈)**
- ၁၀း၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀း၂၅ ရန်ကုန်မြင်ကွင်းကျယ် (Revlon ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲ)
- ၁၀း၃၅ Industrial Talk
- ၁၁း၀၅ စိုက်ပျိုးဖို့လွယ်ကူစေတာ ကောက်ရိုးမှိုပါ
- ၁၁း၂၀ ရေမြင့်. . . ကြာတင့် (ခန့်စည်သူ၊ ဧရာ၊ ငှက်ပျောကြော်၊ ထင်ပေါ်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ဂွမ်းပုံ၊ မျိုးမျိုးခိုင်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
- ၁၁း၃၅ ကဏ္ဍစုံလင်အားကစား အစီအစဉ်
- ၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဒေသခံပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ငွေရေးကြေးရေးဆိုင်ရာကဏ္ဍအသီးသီး အင်တိုက်အားတိုက် ပံ့ပိုးဖြည့်ဆည်း

နေပြည်တော် ဇွန် ၁၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းသည် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့ လိုက်ပါလျက် ဇွန် ၁၂ ရက် မွန်းလွဲပိုင်းတွင် မကွေးတိုင်း ချောက်မြို့သို့ ရောက်ရှိပြီး မြန်မာ့စီးပွားရေးဘဏ် မြို့နယ်ဘဏ်ခွဲနှင့် မြို့နယ်အခွန်ဦးစီးဌာန မှုံးရုံးတို့ကို ကြည့်ရှုစစ်ဆေးကာ သက်ဆိုင်ရာတာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းလျာထားချက်ပြည့်မီစေရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ မန္တလေးတိုင်း ညောင်ဦးမြို့နယ် မြန်မာ့စီးပွားရေးဘဏ် ခရိုင်ဘဏ်ခွဲသို့ ရောက်ရှိစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဒေသခံပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဘဏ္ဍာရေး ငွေရေးကြေးရေးဆိုင်ရာ ကဏ္ဍအသီးသီးတို့မှ အင်တိုက်အားတိုက်ပံ့ပိုးဖြည့်ဆည်းကြရန် မှာကြားသည်။

ဝန်ကြီးသည် ဇွန် ၁၃ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ် မြို့နယ်ဘဏ်ခွဲနှင့် မိတ္ထီလာဘဏ်ခွဲတို့သို့ ရောက်ရှိစစ်ဆေးပြီး သက်ဆိုင်ရာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဝန်ကြီးက ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာ၌ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း စသည်ဖြင့် အကျယ်တဝင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဇွန် ၁၅

ယခုတစ်ပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၆) အမှတ်(၂၃)တွင် "Political Times" အထူးအချပ်ပိုအပါအဝင် "ကမ္ဘာ့စူပါ ပါဝါတရုတ် အိမ်နီးချင်းမြန်မာနှင့် ဘုံအကျိုးဖြစ်ထွန်းမှု" မြန်မာ-တရုတ် ဆက်ဆံရေးမျက်နှာဖုံးသုံးသပ်ဆောင်းပါး၊ ပြည်တွင်းနိုင်ငံရေးသတင်းများ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် ဆရာမောင်သာနုရေးသားသည့် မြန်မာ့နိုင်ငံရေးပါတီများ၏ ပစ္စက္ခတစေ့တစောင်း၊ ဆရာနောင်ဦးရေးသားသည့် တိုင်းပြည်နှင့်လူမျိုးဖွံ့ဖြိုးတိုးတက်ရေးသည်သာ ပဓာနဟူ၍၊ ပါတီမိတ်ဆက်ကဏ္ဍ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ တာဝန်ရှိသူ ဦးသိန်းညွန့်နှင့် တွေ့ဆုံခြင်း စသည့် နိုင်ငံရေးသုံးသပ်ဆောင်းပါးများနှင့် သတင်းများ၊ ငွေထုတ်ရလွယ်ပြီး အကန့်အသတ်မရှိ ထုတ်ယူနိုင်သည့် Online Smart Card လာပြီ၊ ပုဂ္ဂလိကဘဏ်သစ်များပေါ်လာ၍ ကျွမ်းကျင်ဘဏ်လုပ်သားများ၏ အခြေခံလစာနှုန်း တစ်သိန်းအထက်ဖြစ်လာ၊ CLMVလေးနိုင်ငံအနက် မြန်မာနိုင်ငံ၌ ထိုင်းက အဓိကရင်းနှီးမြှုပ်နှံသွားမည်၊ အောင်မင်္ဂလာအဝေးပြေးကွင်း ပြောင်းရွှေ့ရဖွယ်ရှိသည်ဆိုသည့်သတင်းကြောင့် ယာဉ်လိုင်းဂိတ်များနှင့် ဆိုင်ခန်းရှင်များ အခြေအနေမှန်သိရှိလို၊ ပုဂ္ဂလိကစက်သုံးဆီဆိုင်များ တစ်နိုင်ငံလုံး တစ်ပြိုင်တည်းဖွင့်၊ ဟိုတယ်လုပ်ငန်းသုံး ယာဉ်စီးရေ ၂၀၀ လုပ်ငန်းရှင်များ တင်သွင်းကြမည်၊ သမိုင်းကို ဖြတ်စီးဆင်းခဲ့သည့် စမ်းချောင်းကလေးမှသည် ကိုရီးယားခရီးသွားဆောင်းပါး၊ ပုဂ္ဂလိကဘဏ်လုပ်ငန်းစနစ်တွေဟာ စီးပွားရေးဖွံ့ဖြိုးမှုမှာ ဘယ်လောက်အတိုင်းအတာအထိ အရေးပါသလဲ Yangon Forum ကဏ္ဍသစ်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ အထူးယာဉ်လိုင်းများနှင့် သူတို့အမြင်၊ Movie အနေနဲ့ နိုင်ငံရပ်ခြားမှာရိုက်တာ အခုပထမဆုံး အတွေ့အကြုံပါ နေတိုးနှင့် လိုတိုဗျူး စသည့် ဖျော်ဖြေရေးကဏ္ဍ အပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ထိုင်းနိုင်ငံ၏ ပြည်တွင်းရေးပဋိပက္ခနှင့် ပတ်သက်၍ နိုင်ငံခြားသတင်းမီဒီယာတို့၏ ဘက်လိုက်ရေးသားမှုအပေါ် ထိုင်းလူမျိုးတို့ ဒေါမနဿပွား၊ မိုဘိုင်းဖုန်း အဆက်မပြတ်အသုံးပြုသည့် အပြုအမူတွေ လျှော့ချသင့်လေပြီ၊ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းကို စင်ကာပူအမျိုးသားပတ်ဝန်းကျင်ထိန်းသိမ်းရေးက ကြပ်မတ်ဆောင်ရွက်၊ လိင်တံထိပ်အရေပြား ဖြတ်ထားသူများ အိတ်ချ်အိုင်ဗွီဖြစ်နိုင်ခြေနည်းပါး၊ တရုတ်ဖောက်စ်ကွန်စက်ရုံအလုပ်သမားများ လစာတိုးမြှင့်ရရှိ၊ ဘောလုံးဝါသနာအိုး မသန်စွမ်းလူငယ်တစ်ဦး အသတ်ခံရမှု လင်ကွန်းစီးတီးတွင် ဖြစ်ပွား မှုခင်းရေးရာကဏ္ဍ၊ နိုင်ငံတကာဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။

(သတင်းစဉ်)

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်း ဘဏ္ဍာရေးဆိုင်ရာ ကြီးကြပ်မှုအဆင့်(၃) (မွမ်းမံ) သင်တန်း၊ ဌာနခွဲစာရေး၊ အကြီးတန်းစာရေး(လစာစရိတ်နှင့် ပင်စင်)သင်တန်း၊ အိုးအိမ်စီမံခန့်ခွဲမှုသင်တန်းနှင့် ပစ္စည်းထိန်း(၄) သင်တန်းများဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။

(ဆောက်လုပ်ရေး)

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန သင်တန်းများ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၁၅

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ဘဏ္ဍာရေးဆိုင်ရာ ကြီးကြပ်မှုအဆင့်(၃) (မွမ်းမံ) သင်တန်း၊ ဌာနခွဲစာရေး၊ အကြီးတန်းစာရေး(လစာစရိတ်နှင့် ပင်စင်)သင်တန်း၊ အိုးအိမ်စီမံခန့်ခွဲမှုသင်တန်းနှင့် ပစ္စည်းထိန်း(၄) သင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ) ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၅၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကုန်သည်/စက်မှုအသင်းချုပ် အထွေထွေအတွင်းရေးမှူးအား ဖိလစ်ပိုင်နိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

ရန်ကုန် ဇွန် ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E Ms.Maria Hellen M.Barber နှင့် သံရုံးအဖွဲ့ဝင်တို့သည် ဇွန် ၉ ရက်တွင် အသင်းချုပ်ရုံး၌ လာရောက်တွေ့ဆုံကြသည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ အပြန်အလှန် ကုန်သွယ်မှုတိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စ၊ ဖိလစ်ပိုင်မှ စီးပွားရေးလုပ်ငန်းရှင်များပါဝင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်၍ မြန်မာစီးပွားရေး လုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးနိုင်ရေးကိစ္စ၊ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ဇူလိုင် ၁၂ ရက်မှ ၁၈ ရက်အထိ ကျင်းပမည့် 18th Philippine Int'l Franchise Conference and Expo နှင့် အောက်တိုဘာလအတွင်း ကျင်းပမည့် Philippine Business Conference တို့သို့ မြန်မာစီးပွားရေး လုပ်ငန်းရှင်များ တက်ရောက်နိုင်ရေးကိစ္စကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ကလပ်အသင်းပေါင်းစုံ စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၅

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့မှ ပူးပေါင်းကျင်းပမည့် ၂၀၁၀ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား ကလပ်အသင်းပေါင်းစုံ အသင်းလိုက်နှင့် တစ်ဦးချင်း စစ်တုရင်ပြိုင်ပွဲကို ဇွန် ၂၉ ရက်မှ ဇူလိုင် ၉ ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်းမိုးလုံလေလုံအားကစားရုံတွင် ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် တစ်ဦးချင်းပြိုင်ပွဲ၊ အလွတ်တန်းအသင်းလိုက်ပြိုင်ပွဲ၊ ခ-အဆင့်အသင်းလိုက်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး (၁၁)ချီ ဆွစ်စနစ်ဖြင့် တစ်ဦးချင်းနှင့် အသင်းလိုက်ပြိုင်ပွဲများကို တစ်ပြိုင်နက်တည်း အရောပုံစံဖြင့် ပြုလုပ်ပေးမည်ဖြစ်သည်။

ကလပ်အသင်းတစ်သင်းလျှင် အနည်းဆုံး အားကစားသမား လေးဦး၊ အများဆုံး အားကစားသမား ငါးဦးဖြင့် ဖွဲ့စည်းရမည်။ အလွတ်တန်း အသင်းလိုက်ပြိုင်ပွဲတွင် ၂၀၀၅ ခုနှစ်မှ ၂၀၁၀ ခုနှစ်ထိ အမျိုးသားတံခွန်စိုက်ပြိုင်ပွဲဝင်များနှင့် ၁၉၉၉ ခုနှစ်မှ ၂၀၁၀ခုနှစ်ထိ အမျိုးသားတံခွန်စိုက် ချန်ပီယံများမှ အားကစားသမားသုံးဦးသာ ပါဝင်ခွင့်ရှိပြီး ၎င်းသုံးဦးတွင် အမျိုးသားတံခွန်စိုက် ချန်ပီယံတစ်ဦးသာ ပါဝင်ခွင့်ရှိသည်။ အထက်ပါ အားကစားသမား တစ်ဦးမှ မပါဝင်သောအသင်းများကို ခ-အဆင့် အသင်းများအဖြစ် သတ်မှတ်ပါသည်။

ဆုကြေးငွေများကို Beauty World Co.,Ltd. (Boss Ballpen) မှ အဓိက ပံ့ပိုးပေးပြီး တစ်ဦးချင်းပြိုင်ပွဲအတွက် စုစုပေါင်းဆုကြေးငွေ ၁၀ သိန်း၊ အလွတ်တန်း အသင်းလိုက်ပြိုင်ပွဲအတွက် စုစုပေါင်း ဆုကြေးငွေ ခြောက်သိန်း၊ ခ-အဆင့် အသင်းလိုက်ပြိုင်ပွဲအတွက် စုစုပေါင်းဆုကြေးငွေ သုံးသိန်း ချီးမြှင့်မည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသည့် တစ်ဦးချင်း အားကစားသမားများ၊ ကလပ်အသင်းများသည် ၂၀၁၀ ခုနှစ် ဇွန် ၂၆ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ရုံးခန်းတွင် စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

မေ ၂၅ ရက်က မောင်တောမြို့ အမှတ်(၅)ရပ်ကွက်၌ အသုံးပြုလျက်ရှိသော ရေလှောင်ကန်ကို မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍ ပြန်လည်တူးဖော်ဆောင်ရွက်ရာ ဦးစီးအရာရှိ ဦးအောင်ကျော်ဝင်း ကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)

ABE Diploma in Business Management သင်တန်းများ ဖွင့်လှစ်မည်

ရန်ကုန် ဇွန် ၁၅

WISE International School for Executives က Association of Business Executives (ABE), UK မှ ပေးအပ်သည့် ABE; Diploma in Business Management သင်တန်းများကို ဇွန်လ တတိယပတ်တွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုပြီးသူတိုင်း တက်ရောက်သင်ကြားနိုင်သော Certificate သင်တန်းများ၊ တက္ကသိုလ်တစ်ခုခုတွင် ပညာသင်ကြားနေသော ကျောင်းသားများအပြင် တက္ကသိုလ်မှ ဘွဲ့ရပြီး လုပ်ငန်းခွင်တွင် ဝင်ရောက်လုပ်ကိုင်နေသူများ တက်ရောက်သင်ကြားနိုင်သော Diploma သင်တန်းများကို တက်ရောက်သင်ကြားနိုင်မည်ဖြစ်ပြီး အဆိုပါသင်တန်းများမှ အောင်မြင်သူများကို ABE, UK မှ နိုင်ငံတကာအဆင့်မီ အောင်လက်မှတ်များကို တိုက်ရိုက်ချီးမြှင့်ပေးသွားမည် ဖြစ်သည်။

WISE သင်တန်းကျောင်းတွင် စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၏ ထိရောက်သောသင်ကြားမှုများ၊ နေ့စဉ် အနီးကပ်လေ့ကျင့်သင်ကြားမှုများ စသည်ဖြင့် အထူးဂရုပြုသင်ကြားပေးသွားမည်ဖြစ်သည်။

သင်တန်းကာလမှာ ခြောက်လဖြစ်ပြီး စာမေးပွဲကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာလဆန်းတွင် ABE, UK က ကြီးမှူး၍ တိုက်ရိုက်စစ်ဆေးသွားမည် ဖြစ်သည်။

သင်တန်းသားများသည် WISE မှ လစဉ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသော Free Seminar များ၊ Short Course များကိုလည်း တက်ရောက်သင်ကြားခွင့် ရရှိနိုင်မည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ စိတ်ပါဝင်စားသူများသည် WISE International School for Executives အခန်းအမှတ် (၁၀၉) (၁၀)ထပ် ယုဇနတာဝါ ကမ္ဘာအေးစေတီလမ်းနှင့် ရွှေဂုံတိုင်လမ်းဆုံ ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၅၅၆၁၈၃၊ ၀၉-၅၁၅၇၀၃၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ဇွန် ၁၄ ရက်က ခရမ်းမြို့နယ် အမှတ်(၁)ရပ်ကွက် အခြေခံပညာ မူလတန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအတွက် ပညာရေးအထောက်အကူဖြစ်စေရန် ဦးကျင်ထွန်း-ဒေါ်သင်းသင်း (ရန်ကုန်)မိသားစုက ငွေကျပ် ၁၇ သိန်းကျော်တန်ဖိုးရှိ စာကြည့်တိုက်သုံးပစ္စည်း၊ ကျောင်းသုံးဗလာစာအုပ်၊ ခဲတံ၊ ပေတံများ၊ အာဟာရတိုက်ကျွေးရန် အလှူငွေများကို ကျောင်းအုပ်ဆရာကြီး ဦးတိုးအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့နေ(ဦးလှတင်)-ဒေါ်ညွန့်ရီ
တို့၏ သားဦး

မောင်ထင်ကျော်လင်း

B.A(Geography)

Software Engineer(Beca Asia Holdings Pte Ltd,Singapore)

နှင့်

ရန်ကုန်မြို့နေ ဦးလှအေး-ဒေါ်မေစန်းကြည်
တို့၏ သမီးဦး

မမေသဇင်အေး

B.Sc(Maths),B.Sc(Computing and Information Systems,UK)

Software Engineer

(Yokogawa Engineering Asia Pte Ltd, Singapore)

တို့သည် ၁၈-၄-၂၀၁၀ (တနင်္ဂနွေနေ့)တွင် စင်ကာပူနိုင်ငံ registry of marriage ၌ မင်္ဂလာလက်မှတ်ရေးထိုးပြီး ၃၀-၅-၂၀၁၀(တနင်္ဂနွေနေ့)တွင် စင်ကာပူနိုင်ငံ Grand Park City Hall ဟိုတယ်၌ မင်္ဂလာညှော်ခံပွဲ ကျင်းပ ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ထင်ကျော်လင်း-မမေသဇင်အေး

ဝန်ထမ်းအလိုရှိသည် [illegible]

၁။ Assistant Sales Manager - (၅) ဦး
[illegible] Marketing [illegible]

၂။ Accountant - (၅) ဦး
LCCI Level III [illegible] B.Com [illegible]

၃။ [illegible] - (၂၀) ဦး
[illegible] CV Form [illegible] (၂၀-၆-၂၀၁၀) [illegible]

ဆက်သွယ်ရန်ဖုန်း - [illegible]

ဆူပါ အပ်ချုပ်ဆိုင်

မင်္ဂလာဈေး၊ ဒုတိယထပ် အမှတ် ၂၀၆ မှ ဆူပါအပ်ချုပ်ဆိုင်အား ၁၆-၆-၂၀၁၀ ရက်မှ စတင်၍ တော်ဝင်ပလာဇာ Basement အမှတ် ၅၆ သို့ ပြောင်းရွှေ့ဖွင့်လှစ်ထားပါသည်။

ဖုန်း-၀၉-၅၀-၈၀၈၁၀

◆ **ကျောဖုံးမှ**

နယ်သာလန်နိုင်ငံနှင့် ဥရောပနိုင်ငံများတွင် ဖြန့်ကြက်ထားသော ရေဒီယိုကောင်းကင်ကြိုးတိုင်များကို ပေါင်းစည်းလိုက်ပါက ကမ္ဘာ့အကြီးဆုံး ရေဒီယိုတယ်လီစကုပ်အဖြစ် ပေါ်ထွန်းလာကြောင်း၊ ရေဒီယိုတယ်လီစကုပ်၏ အချင်းမှာ ကီလိုမီတာ ၁၀၀၀(မိုင် ၆၀၀)ခန့် ရှိမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ရေဒီယို တယ်လီစကုပ်ကို အသုံးပြုကာ လေ့လာစောင့်ကြည့်ခြင်းဖြင့် စကြဝဠာ၏ မူလအစကို လေ့လာရာတွင် အထောက်အကူရရှိမည်ဖြစ်ကြောင်း ဘီကိုးကပြောကြားသည်။

ရေဒီယိုတယ်လီစကုပ်ဖြင့် စုဆောင်းရရှိသော သတင်းအချက်အလက်များကို နယ်သာလန်နိုင်ငံရှိ ဂရိုနင်ဂျင်တက္ကသိုလ်ရှိ စူပါကွန်ပျူတာဖြင့် မှတ်တမ်းရယူကာ ရေဒီယိုနက္ခတ္တဗေဒသိပ္ပံသို့ ဆက်လက်ပေးပို့မည်ဖြစ်သည်။

ရေဒီယို နက္ခတ္တဗေဒသိပ္ပံမှ သိပ္ပံပညာရှင်များသည် လျှပ်စစ်သံလိုက်ဆိုင်ရာ ရေဒီယိုကြိမ်နှုန်း လှိုင်းများဖြင့် ဂြိုဟ်နက္ခတ်တာရာများကို လေ့လာလျက်ရှိကြသည်။

ဂြိုဟ် နက္ခတ်တာရာများမှ ထုတ်လွှတ်သော ရေဒီယိုလှိုင်းများကို အထူးတည်ဆောက်ထားသော ရေဒီယိုကောင်းကင်ကြိုးတိုင်များဖြင့် ဖမ်းယူကာ လေ့လာနိုင်သည်။ ***အင်တာနက်။***

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ။

❍ **အိုင်ဗရီကို့စ်မှ**

နှစ်သင်းလုံးဟာ ပွဲဦးထွက်မှာ အနိုင်ရရှိရေးအတွက် တိုက်စစ်ဆင်ကစားလာခဲ့တာကြောင့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် ထိရောက်တဲ့ ဂိုးသွင်းခွင့်များမရရှိခဲ့ဘဲ ပွဲချိန် ၁၁ မိနစ်မှာ ပေါ်တူဂီအသင်းခေါင်းဆောင် စီရော်နယ်လ်ဒိုရဲ့ အဝေးကအပြင်းကန်ချက်ဟာ ဂိုးတိုင်ထိပြီး ပြန်ထွက်လာခဲ့တာကြောင့် ပေါ်တူဂီအသင်းအတွက် ဦးဆောင်ဂိုးရရှိမယ့် အခွင့်အရေးတစ်ရပ် ဆုံးရှုံးခဲ့ရပါတယ်။

ဒုတိယပိုင်းမှာ အိုင်ဗရီကို့စ်အသင်းဟာ ပွဲကိုအနည်းငယ်စိုးမိုးလာနိုင်ပေမယ့် ဂိုးသွင်းယူနိုင်ခြင်းမရှိတာကြောင့် ပွဲချိန် ၆၅ မိနစ်မှာ ကာလူးအစားဒရော့ဘာကို ထည့်သွင်းကစားခဲ့ပါတယ်။ ဒါပေမယ့် နှစ်သင်းလုံးဟာ ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ တစ်မှတ်စီခွဲယူခဲ့ရပါတယ်။

ပေါ်တူဂီမှ စီရော်နယ်လ်ဒို၏ ထိုးဖောက်မှုကို အိုင်ဗရီကို့စ်ကစားသမားများ ကာကွယ်ဖျက်ထုတ်စဉ်။

ဆလိုဗက်ကီးယားအတွက် ဂိုးကို ဗစ်တက်ခ် ခေါင်းတိုက်သွင်းယူစဉ်။

နယူးဇီလန် ၁-၁ ဆလိုဗက်ကီးယား

ယနေ့ညရဲ့ ပထမပွဲစဉ်အဖြစ် သမုဒ္ဒရာပိုင်းဇုန်က နယူးဇီလန်အသင်းနဲ့ ဥရောပဇုန်က ဆလိုဗက်ကီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဂိုးစီသရေကျခဲ့ပါတယ်။

နယူးဇီလန်အသင်းမှာ ကီလန်၊ လော့ချ်ဟတ်၊ နယ်လ်ဆင်၊ အဲလီယော့၊ ဆက်လက်မန်၊ ဘာတို့စ်တို့ ပါဝင်လာပြီး ဆလိုဗက်ကီးယားကတော့ မာတင်စကာတယ်၊ ဟန်ဆစ်၊ ဝှစ်၊ ဗစ်တက်ခ်တို့နဲ့ ပွဲထွက်လာခဲ့ပါတယ်။ ခြေညီတဲ့ ဒီနှစ်သင်းဆုံတွေ့တဲ့ ပွဲအစပိုင်းမှာ နယူးဇီလန်အသင်းက ဖိအားပေးတိုက်စစ်ဆင်နိုင်ခဲ့ပေမယ့် ပွဲချိန် မိနစ် ၂၀နောက်ပိုင်းမှာ ဆလိုဗက်ကီးယားအသင်းကသာ ပွဲကို ပိုမိုစိုးမိုးလာတာတွေ့ရပါတယ်။ ဆလိုဗက်ကီးယားအသင်းအတွက် ဂိုးကို ပွဲချိန် မိနစ် ၅၀မှာ ဗစ်တက်ခ်က ခေါင်းတိုက်သွင်းယူပေးခဲ့တာဖြစ်ပြီး နယူးဇီလန်အသင်းအတွက် ချေပဂိုးကို ပွဲကစားချိန် မိနစ် ၉၀ပြည့်လို့ နာကျင်အချိန်ပိုသုံးမိနစ်မှာ ဝင်စတန်ရိဒ်က ခေါင်းတိုက်သွင်းခဲ့တာဖြစ်ပါတယ်။

အီတလီ ၁-၁ ပါရာဂွေး

အင်္ဂါနေ့နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အီတလီအသင်းနဲ့ ပါရာဂွေးအသင်းတို့ရဲ့ပွဲမှာ တစ်ဂိုးစီသရေကျခဲ့ပါတယ်။ အီတလီအသင်းအတွက်ဂိုးကို ပွဲချိန် ၆၃မိနစ်မှာ ဒီရော့စီကသွင်းယူခဲ့ပြီး ပါရာဂွေးအတွက် ဂိုးကို ပွဲချိန် ၃၉မိနစ်မှာ အယ်လ်ကာရက်ဇ်ကသွင်းယူပေးခဲ့ပါတယ်။

အမှတ်ပြည့်ရဖို့သေချာနေတဲ့ စပိန်နှင့် ချီလီ၊ မဖြစ်မနေ နိုင်ပွဲရှာရမယ့် အိမ်ရှင်တောင်အာဖရိက

၂၀၁၀ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု(H)ရဲ့ ပွဲစဉ်များမှာ နာမည်ကြီးစပိန်အသင်းနဲ့ ချီလီအသင်းတို့ အမှတ်ပြည့်ရဖွယ်ရာရှိနေပြီး အိမ်ရှင်တောင်အာဖရိကအသင်းကတော့ မဖြစ်မနေနိုင်ပွဲရှာဖို့ လိုအပ်လာပါပြီ။

ဟွန်ဒူးရပ်စ်-ချီလီ
၁၆-၆-၂၀၁၀(ဗုဒ္ဓဟူးနေ့)
ညနေ ၆နာရီ

မြောက်အမေရိကဇုန်က တက်လာတဲ့ ဟွန်ဒူးရပ်စ်အသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲကို ဒုတိယအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခြင်းပဲဖြစ်ပါတယ်။ ဟွန်ဒူးရပ်စ်အသင်းမှာ ခြေစွမ်းခြေစရှိကစားသမားဆိုလို့ ဒေးဗစ်ဆွာဇို၊ ပါဗွန်၊ ဝီလ်ဆင်ပလာစီယို့စ်၊ ဂူဗာရာတို့လောက်သာ ရှိပါတယ်။ ဒါပေမယ့် နည်းပြ ရူဒါဟာ နည်းဗျူဟာ အမျိုးမျိုးအသုံးပြုပြီး ဟွန်ဒူးရပ်စ်အသင်းကို ခြေစစ်ပွဲအောင်အောင်စွမ်းဆောင်ပေးနိုင်ခဲ့တာ အသိအမှတ်ပြုရမှာပါ။ တောင်အမေရိကဇုန်က တက်လာတဲ့ ချီလီအသင်းကတော့ အတွေ့အကြုံရင့်ကျက်တဲ့ အသင်းပါ။ တောင်အမေရိကဇုန် ခြေစစ်ပွဲတွေမှာ ခြေစွမ်းပြခဲ့တဲ့ ချီလီအသင်းမှာ ဟမ်ဘာတိုဆွာဇို၊ ဗယ်လ်ဒီဗီရာ၊ အလက်ဇီဆန်ချက်ဇ်နဲ့ ဖာနန်ဒက်ဇ်တို့အကောင်းဆုံး အနေအထားမှာရှိနေပါတယ်။ ဒီနှစ်သင်းရဲ့ ခြေစွမ်းပိုင်းက အနည်းငယ်ကွာဟမှု ရှိလာမှာဖြစ်တာကြောင့် ချီလီအသင်းရဲ့ နိုင်ပွဲလို့ပဲဆိုချင်ပါတယ်။

စပိန်-ဆွစ်ဇာလန်
၁၆-၆-၂၀၁၀(ဗုဒ္ဓဟူးနေ့)
ည ၈း၃၀နာရီ

ဗိုလ်စွဲရန် ရေပန်းအစားဆုံးအသင်းတွေထဲက တစ်သင်းဖြစ်တဲ့ စပိန်အသင်းမှာ ပူယိုး၊ ပီကေး၊ ရာမို့စ်၊ အလွန်ဆို၊ ဇာဗီ၊ ဖာဘရီဂက်စ်၊ အင်နီယေစတာ၊ ဒေးဗစ်ဆေးလ်ဗား၊ ပက်ဒရို၊ ဖာနန်ဒိုတောရက်စ်နဲ့ ဒေးဗစ်ဗီလာတို့လို ကမ္ဘာကျော်ကစားသမားတွေရှိနေပါတယ်။ ခြေစစ်ပွဲ ကာလတစ်လျှောက်လုံး ရှုံးပွဲမရှိ ကစားခဲ့တဲ့ စပိန်ဟာ သာမန်ခြေစွမ်းထက်မပိုတဲ့ ဆွစ်ဇာလန်အသင်းကို ခြေစွမ်းပြအနိုင်ယူသွားဖို့ရှိနေပါတယ်။ စပိန်အသင်း တိုက်စစ်မှူးတွေ ဂိုးသွင်းသေချာရင် ဂိုးပြတ်ဖို့ရှိတဲ့ပွဲပါ။

တောင်အာဖရိက-ဥရုဂွေး
၁၇-၆-၂၀၁၀(ကြာသပတေးနေ့)
နံနက် ၁နာရီ

ဒီပွဲဟာ အုပ်စု(A)က အိမ်ရှင်တောင်အာဖရိကအသင်းနဲ့ ဥရုဂွေးအသင်းတို့အတွက် ဒုတိယမြောက် ပွဲစဉ်ပါ။ ပထမပွဲမှာ နှစ်သင်းလုံးသရေကျခဲ့တာကြောင့် တစ်မှတ်စီရရှိထားပါတယ်။ ဒီပွဲစဉ်ဟာ နှစ်သင်းလုံးအတွက်အုပ်စုကျော်ဖြတ်နိုင်ရေးအလွန်အရေးပါတဲ့ပွဲဖြစ်နေတာကြောင့် ခြေကုန်ထုတ်ရုန်းကန်လာကြမှာပါ။ ဥရုဂွေးအသင်းဟာ တောင်အာဖရိကအသင်းထက်ခြေစွမ်းပိုသာပေမယ့် သရေပဲပေးချင်ပါတယ်။

ဆွစ်ဇာလန်အသင်းကို အနိုင်ယူရန် အဆင်သင့်ဖြစ်နေသည့် စပိန်အသင်းအား တွေ့ရစဉ်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၆-၆-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၃၅ ၃။ အမျိုးသားရေးတေးကဗျာ
၄း၄၀ ၄။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
၄း၅၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၀၅ ၇။ ကျန်းမာကြံ့ခိုင် ဖွံ့နိုင်ငံ
၅း၁၅ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၅း၂၅ ၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၅ ၁၄။ **Mail Box**
၆း၄၅ ၁၅။ ကာတွန်းအစီအစဉ် - စွန့်စားသူတို့ပျော်စံရာ (အပိုင်း -၂၁)
၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -စိမ်းရောင်ခြယ် လှည်းကလေး (အပိုင်း-၁၉)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ အိုင်စီတီသုတ
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ** (Live) **-စပိန် နှင့် ဆွစ်ဇာလန်**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

၁၇-၆-၂၀၁၀ ရက်နေ့ (ကြာသပတေးနေ့)

၁း၀၀ ၁။ ၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (Live) -တောင်အာဖရိက နှင့် ဥရုဂွေး

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

အင်တာနက် နည်းပညာသတင်း

ကမ္ဘာ့အကြီးဆုံးရေဒီယိုတယ်လီစကုပ် နယ်သာလန် သိပ္ပံပညာရှင်များ စတင်အသုံးပြု

ဘာသာပြန်-စံစံ

သည်ဟိဂ် ဇွန် ၁၅

ကမ္ဘာ့အကြီးဆုံးသော ရေဒီယိုတယ်လီစကုပ်ကို နယ်သာလန်နိုင်ငံရှိ သိပ္ပံပညာရှင်များ စတင်အသုံးပြုပြီ ဖြစ်ကြောင်း နယ်သာလန်ရေဒီယို နက္ခတ္တဗေဒသိပ္ပံက ဇွန် ၁၅ရက်တွင်ပြောကြားသည်။

"လိုဖာ" (LOFAR) (သို့မဟုတ်) Low Frequency Array ဟု အမည်ပေးထားသော ရေဒီယိုတယ်လီစကုပ်ကို သေးငယ်သော ရေဒီယိုကောင်းကင်ကြိုး (အင်တင်နာ) ၂၅၀၀၀ဖြင့် တည်ဆောက်ထားကြောင်း နယ်သာလန်ရေဒီယို နက္ခတ္တဗေဒသိပ္ပံမှ သုတေသီ ဖမ်ကီဘီကိုးက ပြောကြားသည်။

နယ်သာလန်နိုင်ငံ အရှေ့မြောက်ပိုင်း အက်ဆန်မြို့တွင် ကမ္ဘာ့အကြီးဆုံး ရေဒီယိုတယ်လီစကုပ်ကို တပ်ဆင်ထားသည်။

"လိုဖာ" ရေဒီယိုတယ်လီစကုပ်အတွက် ရေဒီယိုကောင်းကင်ကြိုးတိုင်များကို ယင်းမြို့၌သာမက နယ်သာလန်နိုင်ငံတစ်ဝန်းလုံး၌ ဖြန့်ကြက်ထားသည့်အပြင် ဂျာမနီ၊ ဆွီဒင်၊ ပြင်သစ်နှင့် ဗြိတိန်နိုင်ငံတို့မှာလည်း ရေဒီယိုကောင်းကင်ကြိုးတိုင်များကို ထားရှိကြောင်း ဘီကိုးကပြောကြားသည်။

စာမျက်နှာ ၁၁ ကော်လံ ၆ သို့ ◆



ရေဒီယိုနက္ခတ္တဗေဒ (Radio Astronomy) လေ့လာရန် တည်ဆောက်ထားသော ရေဒီယိုကောင်းကင်ကြိုးတိုင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မောင်တောမြို့၏ မိုးရေချိန်စံချိန်သစ်

နေပြည်တော် ဇွန် ၁၅

ဇွန် ၁၅ ရက် နံနက် ၉ နာရီခွဲအချိန်တွင် မောင်တောမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၃၄၂ မီလီမီတာ (၁၃ ဒသမ ၄၇ လက်မ)သည် ယင်းမြို့၏ လွန်ခဲ့သော နှစ်ပေါင်း ၃၈ နှစ်အတွင်း ဇွန်လအတွက် အများဆုံး တိုင်းထွာရရှိခဲ့သော ၂၄ နာရီ မိုးရေချိန် စံချိန်သစ် ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ ၃၂၅ မီလီမီတာ(၁၂ ဒသမ ၈၀ လက်မ) ဖြစ်ပြီး ၁၉၉၀ ပြည့်နှစ် ဇွန် ၂၄ ရက်တွင် ရွာသွန်းခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၁၉) ကြိမ် မြောက် ၂၀၁၀ က မ္ဘာ့ ဖ လား ဘော လုံး ပြိုင် ပွဲ မြင် ကွင်း

အိုင်ဗရီကို့စ်-ပေါ်တူဂီ၊ နယူးဇီလန်-ဆလိုဗက်ကီးယားတို့ သရေ ဖြင့်သာ အဆုံးသတ်

ဂျိုဟန်နစ္စဘတ် ဇွန် ၁၅

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ အုပ်စုပွဲစဉ်များကို ယနေ့ည ဆက်လက်ယှဉ်ပြိုင်ကစားကြရာ အိုင်ဗရီကို့စ်နှင့် ပေါ်တူဂီတို့ သရေကျခဲ့ပါတယ်။

အိုင်ဗရီကို့စ်ရဲ့ ပထမပွဲထွက်လူစာရင်းမှာ တိုက်စစ်မှူး ဒရော့ဘာ ပါဝင်လာခြင်းမရှိဘဲ ကိုလိုတိုရေး၊ ယာယာတိုရေး၊ ဇိုကိုရာ၊ ကာလူး၊ ဂျာဗင်ဟို၊ ဒင်ဒိန်း၊ ဒီမယ်လ်၊ တိုင်နီ၊ အီဘိုယေးတို့နဲ့ ပွဲထွက်လာကာ ပေါ်တူဂီအသင်းမှာတော့ စီရော်နယ်လ်ဒိုဦးဆောင်ပြီး ဒေကို၊ ကာဗယ်ဟို၊ ဖာရဲရား၊ အဲလ်ဗက်စ်၊ မင်းဒက်စ်၊ ဒန်နီတို့ပါဝင်လာခဲ့ပါတယ်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❍

ဝင်းတင်(ကြေးမုံ)
အဆင်အပြင် - ခိုင်သန္တာရွှေ